**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၃၀)ရက်မြောက်နေ့ အစီအစဉ်**

**[ ၉–၉–၂၀၁၆ ] ( သောကြာနေ့ ) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ဆော့လော်မြို့နယ်၊ လန်ဆယ်ဒေသတွင် သဘာဝရေဘေးအန္တရာယ်ကြောင့် လမ်းမကြီးနှင့် လမ်းမကြီးပေါ်ရှိ တံတားများ မြေပြိုပျက်စီးမှုနှင့် ရေဘေးသင့်ပြည်သူတို့၏ စားနပ်ရိက္ခာ အခက်အခဲအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့မှ ဆက်လက်ပြီး မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံရိုးရိုးလွှင့်စက်(Analog System) မှ (Digital System)သို့ အဆင့်မြှင့်ပြောင်းလဲတပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ဦးစီးဌာနနှင့် ဌာနများတွင် ရုံးလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် လိုအပ်သောအချက်အလက်များကို အများပြည်သူမြင်သာသော နေရာများတွင် ချိတ်ဆွဲပြသထားခြင်းနှင့် Website, Social Media အစရှိသော အင်တာနက်၊ လူမှုကွန်ရက်များတွင် ဖြန့်ချိပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သော စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်လည်မြင့်တက်လာရေးအတွက် ရေတိုရေရှည်အစီအစဉ်များ ရှိ၊ မရှိ နှင့် မြန်မာစာပေကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ဘာသာပြန်လုပ်ငန်းနှင့် ပတ်သက်၍ စာပေလောကသားများအား အစိုးရက ထိထိရောက်ရောက် ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ်၊ ကျောက်ထုမြို့ ဒေသတွင်းရှိ စိုက်ပျိုးရန် အားထားရသည့် ယောမြောင်းကြီးသည် ၂၀၁၅ ခုနှစ်၊ မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး ချည်ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် မြောင်းပေါင်များကို သစ်တုံး၊ လင်းတုံး၊ မိုးကာများဖြင့် ခက်ခဲစွာ ရေသွယ်စိုက်ပျိုးနေရပါသဖြင့် မြောင်းပေါင်များ ရေရှည်ခိုင်ခံ့စေရန် နိုင်ငံတော်မှ အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ဝေါနှင့် သနပ်ပင်မြို့နယ်ရှိ ပဲခူး–စစ်တောင်းတူးမြောင်း တာပေါင်လမ်းအား ပြုပြင်ထိန်းသိမ်းပေးရန်၊**

**အဆင့်မြှင့်တင်ပေးရန်နှင့် ရေထိုးရေတိုက်စားသည့် နေရာများတွင် ကျောက်စီနံရံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ် အတွင်းရှိ တိမ်ကောလာသည့် ချောင်းတက်ငယ်များအား ပြန်လည် တူးဖော်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **ကိုကြက္ကဆံချောင်းနှင့် သံသုမာလမ်းဖြတ်ရေမြောင်းသည့် အကွေ့အကောက်များသောကြောင့် ရေလျှံမှုများဖြစ်ပေါ်နေမှုအပေါ် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့ စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နှင့် ကင်းချောင်းတစ်ဖက်ကမ်းရှိ ဦးရာဇ်တော်ခာတ်စေတီတော်မြတ်ကြီးအား ဆက်သွယ်ထားသော သစ်သားကြိုးတံတားကို ကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ်အတွင်းရှိ ဝါးတောသာ၊ အင်ငူ၊ ပေါင်းချုပ်၊ ကြိုးကြာကန်လမ်းမှ (၇ မိုင် ၂ ဖာလုံ) လမ်းနှင့် ကညမ်း၊ ဆိတ်ကြီး၊ ကျွဲတလင်း၊ ဖောင်းဖြူ၊ ကျွဲသေ အပိုင်းရှိ (၆ မိုင် ၅ ဖာလုံ) လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဋ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်၊ အုန်းဝါးကျေးရွာအဝင် ထီးချောင်းအား ဖြတ်၍ ဆော– စေတုတ္တရာ**

**ခရိုင်ချင်းဆက်လမ်းသို့ ရာသီမရွေးသွားလာနိုင်သော တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဌ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **မြေပြင်အမှန်မွေးမြူ တိရစ္ဆာန်ကောင်ရေစာရင်းမှာ စီမံချက်ချပြီး ကွင်းဆင်းကောက်ယူ ထားသော စာရင်းဖြစ်ပါသလား၊ ထို့သို့မဟုတ်ပါက တိရစ္ဆာန် ကောင်ရေစာရင်းမှန်များကို စီမံချက်ချမှတ်၍ ထပ်မံကောက်ယူရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၃၀)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၂) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

မူကြမ်း

(၃) ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် ခွင့် ၁ ရက်၊

(၄) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၅) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊

(၆) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်နှင့်

(၇) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆော့လော်မြို့နယ်၊ လန်ဆယ်ဒေသတွင် သဘာဝဘေးအန္တရာယ်ကြောင့် လမ်းမကြီးနှင့် လမ်းမကြီးပေါ်ရှိ တံတားများ မြေပြိုပျက်စီးမှုနှင့် ရေဘေးသင့်ပြည်သူတို့၏ စားနပ်ရိက္ခာအခက်အခဲအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့မှ ဆက်လက်ပြီး မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးဆုံး ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ မိဘပြည်သူများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုသည်မှာ ၂၃-၄-၂၀၁၆ ရက်နေ့ ညနေပိုင်း ဆော့လော်မြို့နယ် လန်ဆယ်ကျေးရွာဒေသတွင် မိုးအဆက်မပြတ် ခုနစ်ရက် ခုနစ်ည ရွာသွန်းမှုကြောင့် လန်ဆယ်ကျေးရွာဒေသအပါအဝင် အခြားရွာခုနစ်ရွာတို့မှာ တစ်ကြိမ်တစ်ခါ မျှမကြုံတွေ့ဘူးသော အလွန်ဆိုးရွားသည့် မြေပြို၊ တောင်ပြို၊ ရေကြီးပြီး ရေဘေးအန္တရာယ် တွေ့ကြုံ ခံစားခဲ့ရပါတယ်။ ၎င်းအပြင် ချီဖွေ၊ ဆော့လော်၊ ခေါင်လန်ဖူးဒေသအထိ ဆက်သွယ်ဖောက်လုပ်ထား သော လမ်းမကြီးအပါအဝင် တံတားများ၊ ဒေသတောင်ယာစိုက်ခင်းများ၊ လူနေအိမ် ၁၁၄ အိမ်၊ ပညာ သင်ကျောင်းများ ပျက်စီးခဲ့ရပြီး စုစုပေါင်းလူဦးရေ ၇၇၁ ဦးတို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ၎င်းနောက် ရေဘေးကြုံတွေ့ခဲ့ရသောပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး တပ်မတော်ရဟတ်ယာဉ်ဖြင့် စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ အိမ်ဆောက်ပစ္စည်းများကို အရေးပေါ်ပို့ဆောင်ပေးခဲ့သော်လည်း ရေဘေးသင့်ဒုက္ခသည်ဦးရေ ထောင်ချီရှိလာသည့်အတွက် လုံလောက်မှုမရှိဘဲ ရိက္ခာပြတ်လပ်မှု ပြဿနာကြုံတွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ရေဘေးသင့်ဒေသအပါအဝင် အခြားရွာများမှ အိမ်ခြေ ၄၀၉ အိမ်၊ လူဦးရေ ၂၅၅၄ ဦးတို့မှာ ရေဘေးကြောင့် ပျက်စီးသွားခဲ့သော ချီဖွေ၊ ဆော့လော်၊ ခေါင်လန်ဖူးဒေသအထိ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးမှတစ်ဆင့် ချီဖွေမြို့နယ်၊ ကန်ဖာဒေသ၊ ဖီမောဒေသ၊ မြန်မာတရုတ်ဒေသတို့မှ ဆန်၊ ဆီ၊ ဆား၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများကို အဓိကဆက်သွယ် ဝယ်ယူသုံးစွဲနေခဲ့သော်လည်း ရေဘေးကြောင့် အဆိုပါလမ်းမကြီးပျက်စီးသွားခဲ့သည့်အတွက် ကား၊ ဆိုင်ကယ်မပြောနဲ့ လူလမ်းလျှောက်ပြီး ရိက္ခာသယ်ယူရန်ပင် အခက်အခဲများစွာကြုံတွေ့နေ ရပါတယ်။ သို့ဖြစ်ပါ၍ ယခုအချိန် ရေဘေးသင့်ဒေသမှ ရိက္ခာပြတ်လပ်မှုဒဏ်ကိုမခံနိုင်သည့် ပြည်သူ ၄၈ အိမ်၊ လူဦးရေ ၂၀၀ ကျော်တို့မှာ မိမိတို့နေရပ်ဒေသအား စွန့်ခွာကာ ချီဖွေမြို့နယ်၊ ကန်ဖာဒေသရှိ လီဆူစာပေနှင့်ယဉ်ကျေးမှုရုံးဝင်း၌ ရေဘေးဒုက္ခသည်များအဖြစ် စခန်းဖွင့်လှစ်နေထိုင်လျက်လည်း ကောင်း၊ သူငယ်တန်းမှ (၁၀) တန်းအထိ ကျောင်းသားကျောင်းသူ ၁၁၉ ဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုး များမှာလည်း မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်တွင် ရေဘေးသင့်ဒုက္ခသည်စခန်းများဖွင့်လှစ်ပြီးလည်း ကောင်း၊ စေတနာရှင်၊ အလှူရှင်တို့မှလှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ ငွေကြေးများ အပေါ်မှီခိုပြီး ခက်ခက်ခဲခဲဘဝ ရုန်းကန်ဖြတ်သန်းနေလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ယခု ဒီရေဘေးကြောင့် ပျက်စီးသွားခဲ့တဲ့၊ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့တဲ့ ပြည်သူများအတွက်သာမကဘဲ ကျွန်တော်တို့ ချီဖွေ၊ ဆော့လော်၊ ခေါင်လန်ဖူးဒေသအထိ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီး မြေပြို၍ပိတ်ဆို့သွားခဲ့တဲ့ ပြည်သူတွေအားလုံးအတွက်ပါ၊ နှစ်မျိုးစလုံးအတွက်ပါ ပေါင်းပြီးမှ ကျွန်တော် မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆော့လော်မြို့နယ် လန်ဆယ်ဒေသ သဘာဝရေဘေးအန္တရာယ်ကြောင့် လမ်းမကြီးနှင့်လမ်းမကြီး ပေါ်ရှိတံတားများ မြေပြိုပျက်စီးနေမှုနှင့် ရေဘေးသင့်ပြည်သူ ၂၅၅၄ ဦးတို့၏ စားနပ်ရိက္ခာအခက်အခဲ အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့မှ ဆက်လက်ပြီး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးနေသည်ကို သိရှိလို ၍ ဒေသခံများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လေးစားစွာ အထူးတင်ပြတောင်းဆိုလိုသည်မှာ ကျွန်တော့်ရဲ့ ဒီမေးခွန်းက ပြီးခဲ့တဲ့ လွှတ်တော် သက်တမ်း ၅ လပိုင်းကတည်းက ကျွန်တော်မေးထားပါတယ်။ ကျွန်တော်အနေနဲ့တင်ပြချင်တာက ကျွန်တော်တို့လိုမျိုး ဝေးလံခေါင်ဖျားသောဒေသရဲ့ အရေးပေါ်အခြေအနေနဲ့ ကြုံတွေ့နေတဲ့ဒေသများ မှ ကိုယ်စားလှယ်များက ကျွန်တော်တို့ အဆိုတို့၊ မေးခွန်းတို့ မေးခဲ့မယ်ဆိုရင် ဦးစားပေးစိစစ်ရွေးချယ်

ပြီးမှ ဒီတင်ပြခွင့်၊ မေးခွန်းမေးမြန်းခွင့် ပြုပေးဖို့လည်း ကျွန်တော် လေးစားစွာတင်ပြတောင်းခံချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး မေးမြန်းထားရှိတဲ့ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လန်ဆယ်ဒေသမှာ သဘာဝဘေးအန္တရာယ်ကြောင့် ချီဖွေမြို့နယ် ကန်ဖာဒေသ၊ ဆော့လော်မြို့နယ် လန်ဆယ်ဒေသ၊ ခေါင်လန်ဖူးမြို့နယ် နယ်စပ်ဒေသအထိ ဆယ်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးနှင့် လမ်းမကြီးပေါ်ရှိတံတားများ မြေပြိုပျက်စီးသွားခဲ့ပြီး ရေဘေးသင့်လန်ဆယ်ဒေသအပါအဝင် အခြားရွာများမှ အိမ်ခြေပေါင်း ၄၀၉ အိမ်၊ စုစုပေါင်းလူဦးရေ ၂၅၅၄ ဦးတို့၏ စားနပ်ရိက္ခာအခက်အခဲအတွက် သက်ဆိုင်ရာအစိုးရမှ ဆက်လက်ပြီး မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဆော့လော်နှင့် ချီဖွေမြို့နယ်တို့မှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့၊ နံနက် ၀၂:၀၀ နာရီအချိန်ခန့်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လကင်ချောင်းရေတိုး၍ ကျေးရွာအတွင်းသို့ ရေများဝင်ရောက်ခြင်းနှင့် တောင်ကျရေစီးမှုများကြောင့် ဆော့လော်မြို့နယ်၊ လာချင်ကျေးရွာအုပ်စု(ဒေသအခေါ်လန်ဆယ်)နှင့် လကင်ကျေးရွာအုပ်စုတွင် ကနဦးစာရင်းအရ ၂၁၂ အိမ်၊ လူဦးရေ ၁၂၇၈ ဦးရှိပြီး၊ ကျေးရွာပေါင်း ၁၃ ရွာ ရေဘေးသင့်ခဲ့ပါတယ်။ ဆက်သွယ်မှုပြတ်တောက်၍ စားနပ်ရိက္ခာလိုအပ်ချက်အရ ၂၀၁၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှာ အမှန်တကယ်ရေဘေးသင့်ခဲ့တဲ့ကျေးရွာ ၁၃ ရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာခြောက်ရွာ စုစုပေါင်းကျေးရွာ ၁၉

ရွာမှ ပြည်သူများရဲ့တင်ပြချက်အရ ကချင်ပြည်နယ်အစိုးရအနေနဲ့ အိမ်ခြေ ၄၀၉ အိမ်နှင့် တပ်ရင်း တပ်ဖွဲ့သုံးခုတို့အား ဆန်အိတ် ၄၁၅ အိမ်အား လတ်တလောထောက်ပံ့ပေးခဲ့ပါတယ်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့နဲ့ မေလ ၄ ရက်နေ့များမှာ မိုးသည်းထန်စွာရွာသွန်းပြီး လကင်ချောင်းရေတိုးလာမှုကြောင့် လာချင်ကျေးရွာအုပ်စုနှင့် လကင်ကျေးရွာအုပ်စုရှိ ကျေးရွာရှစ်ရွာ၌ နေအိမ် ၂၁၂ လုံး ရေမျောပါပျက်စီးခဲ့ပြီး အိမ်ထောင်စု ၂၁၂ စုမှ လူဦးရေစုစုပေါင်း ၁၃၅၁ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေနဲ့ ဆန်ရိက္ခာတန်ဖိုးကျပ် ၂၀၃၅၁၀၀၊ အိမ်ထောင်ပစ္စည်းဖိုး နေအိမ် ၂၁၂ လုံးအတွက် ကျပ် ၁၀၆ သိန်း၊ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး ၂၁၂ အိမ်ထောင်စာအတွက် တန်ဖိုးငွေကျပ် ၄၆၇၇၉၉၂၊ ခေါက်ဆွဲခြောက် ၂၇၀၂ ထုပ် တန်ဖိုးငွေကျပ် ၃၇၈၂၈၀၊ ငါးသေတ္တာ ၁၀၆၀ ဗူး တန်ဖိုးငွေကျပ် ၃၇၁၀၀၀ နှင့် မိုးကာစ ၂၁၂ စ တို့ကို ထောက်ပံ့ခဲ့ပြီး ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းနှင့်ငွေသား စုစုပေါင်းထောက်ပံ့ငွေတန်ဖိုးမှာ ကျပ် ၁၈၀၆၂၇၇၂ ဖြစ်ပါတယ်။ ထို့အပြင် ကချင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်မှ မေလ ၁ ရက်နေ့အတွင်း လေပြင်းတိုက်ခတ်မှု၊ ရေကြီးမှုများကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရာ လုံးဝပျက်စီးသော လူနေအိမ် ၂၀၈ လုံး၊ အမိုးလန်လူနေအိမ် ၉၉ လုံး၊ အနည်းငယ်ပျက်စီးသောလူနေအိမ် ၂၆၇ လုံး နှင့် စာသင်ကျောင်းရှစ်ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းလေးကျောင်းနှင့် အုပ်ချုပ်ရေးမှူးရုံး တစ်ရုံးတို့အား ပြန်လည်ပြုပြင်ရန် လိုအပ်သောသွပ်များ ထောက်ပံ့ပေးပါရန် ကချင်ပြည်နယ်အစိုးရ အဖွဲ့မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းလာမှုအရ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ (၇) ပေသွပ် ၁၀၀၀၀ ချပ်ရေကို ကချင် ပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှာ ထုတ်ပေးခဲ့ရာ ဇွန်လ ၁၀ ရက်နေ့မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ လက်ခံရရှိပြီးဖြစ်၍ ဆော့လော်မြို့နယ် လန်ဆယ်ဒေသ ရေဘေးသင့် အိမ်များအပါအဝင် အခြားမြို့နယ်များရှိ ရေဘေးသင့်အိမ်ထောင်စုများအား ခွဲဝေထောက်ပံ့ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဆိုပါရေဘေးသင့်ဒေသမှာ ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆော့လော်မြို့နယ်အုပ်ချုပ်ရေးမှူးမှ စာရင်းဇယားများတိကျရေး စိစစ်ဆောင်ရွက်တင်ပြချက်အရ အိမ်ခြေ ၁၁၄ အိမ်၊ လူဦးရေ ၇၇၁ ဦး ရေဘေးသင့်ခဲ့ပြီး ချီဖွေမြို့နယ်တွင် အိမ်ခြေ ၁၅ အိမ်၊ လူဦးရေ ၇၃ ဦး ဘေးသင့်ခဲ့ပါတယ်။ ရေဘေးသင့်ခဲ့တဲ့ ဆော့လော်မြို့နယ်နဲ့ ချီဖွေမြို့နယ်များရှိ အိမ်ခြေ ၁၂၉

အိမ်၊ လူဦးရေ ၈၄၄ ဦးတို့အား ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့မှုအပါအဝင် ဆန် ၁၃၈၀ အိတ်၊ ဆီ ၄၀ ပိဿာ၊ ဆား ၂၄၀ ပိဿာ၊ ဒီဇယ် ၆၃ ပေပါ၊ အသားဗူး ၈၀၀ ဗူး၊ ငါးသေတ္တာဗူး ၁၈၆၀၊ ခေါက်ဆွဲခြောက် ၅၄၀၂ ထုပ်၊ ရေသန့် ၃၅၄၂ ကဒ်၊ ကုလားပဲ ၁၀၀ ပိဿာ၊ ငါးခြောက် ၅၀ ပိဿာ၊ ငါးပိဗူး ၂၀၀ ဗူး၊ ဆေးမျိုးစုံ ၃၅ မျိုးပါ သုံးပုံးနှင့် ဆေးမျိုးစုံ ၃၂ မျိုးပါ နှစ်ပုံး၊ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးပါ ၂၁၂ ဖာ၊ မိုးကာစ ၂၁၂ စ၊ အဝတ်အစားမျိုးစုံ ပီနံအိတ်ဖြင့် ၇၁ အိတ်၊ အင်္ကျီ/ဘောင်းဘီအထည်စုံ ၉၀၀ ထည်၊ လူကြီး လက်အိတ်လေးကဒ်၊ ကလေးလက်အိတ်တစ်ကဒ်၊ အနွေးထည် ၃၆ ထည်၊ ဦးထုပ် ၃၃ လုံး၊ Care Kits ၃၅ ခု၊ သွားတိုက်ဆေးလေးကဒ်၊ ဘီစကစ် ၁၄၀ ထုတ်ပါ ၇၅ ဖာ၊ Hygiene Kit ၂၀၀ ထုပ်၊ Dignity Kit ၂၀၀ ထုပ်၊ မိသားစုငါးစု ဆောက်လုပ်ရေးပစ္စည်း ၃၀ အိတ်၊ Shelter Tool Kit ၂၀ ခု၊ Kitchen Set ၈၀ ခု၊ မိုးကာရွက်ဖျင်တဲကြီး ၆၀ လုံး၊ စောင် ၃၀၀ ထည် စသည့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ပါတယ်။ ထောက်ပံ့ပေးသည့်ဆန်ရိက္ခာဟာ လူတစ်ဦးလျှင် တစ်ရက် ဆန်နို့ဆီဗူးနှစ်ဗူး နှုန်းဖြင့်သာ ထောက်ပံ့ပါက ၁၆၈၈ ဗူး လိုအပ်မည်ဖြစ်ပြီး ရေဘေးသင့်ပြည်သူများအား လာမည့် စပါး ပေါ်ချိန် နိုဝင်ဘာလဝက်အထိ ထောက်ပံ့ပေးရန်လိုအပ်ပါတယ်။ လက်ရှိထောက်ပံ့ထားတဲ့ ဆန်ရိက္ခာမှာ ငါးလခန့် လုံလောက်မည်ဖြစ်ပါသဖြင့် တစ်လခွဲခန့်အတွက် ဆန်အိတ် ၄၀၀ အိတ်ခန့် ထပ်မံပို့ဆောင်ထောက်ပံ့ရန် လိုအပ်မည်ဖြစ်၍ လက်ရှိမှာ ဆန် ၄၀ အိတ်၊ ဒီဇယ် ၅၀ ပေပါ၊ ရေသန့် ၃၀၀ ကဒ်၊ အဝတ်အထည် ၁၄ အိတ် စုဆောင်းထားရှိပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ လှူဒါန်းငွေ စုစုပေါင်း ၁၁၃၆၆၁၀၀၀ လက်ခံရရှိပြီး ရေဘေးသင့်ဒေသရှိ အိမ်ထောင်စုများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း၊ စားနပ်ရိက္ခာဝယ်ယူထောက်ပံ့ခြင်းနှင့် ကြိုးတံတားတည်ဆောက်ရန်အတွက် ထောက်ပံ့ ပေးခဲ့ပြီး အလှူငွေလက်ကျန်စုစုပေါင်း ၅၆၉၃၂၈၀၀ ရှိပါသဖြင့် ရေဘေးသင့်ဒေသသို့ လိုအပ်သည့် ဆန်ရိက္ခာနှင့် အခြားလိုအပ်ချက်များ ထပ်မံထောက်ပံ့ပေးအပ်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းဖြစ်သော ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလ်တန်လမ်းရဲ့ ဆော့လော်မြို့နယ်အပိုင်း မိုင်တိုင် (၃၄/၀)မှ မိုင်တိုင်(၇၅/၀)အတွင်း မြေပြိုကျ၍ သစ်ပင်ကြီးများ၊ ကျောက်တုံးကြီးများ၊ မြေစာများပိတ်ဆို့နေသောနေရာများအား လမ်းဦးစီးဌာနနှင့် ဆော့လော်မြို့နယ် အုပ်ချုပ်ရေးမှူးတို့မှ ညှိနှိုင်းပေါင်းစပ်၍ ပြုပြင်ပေးလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊

ဧပြီလ ၂၃ ရက်နေ့ မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုင် ၃၄/၀-၆၇/၀ အထိ ကားတစ်စီးစာ သွားလာနိုင်ရန် ဖယ်ရှားရှင်းလင်းပြီးဖြစ်ပါတယ်။ ခေါင်လန်ဖူး-ညီတာဒီးလမ်းပိုင်းဖြစ်သော ခေါင်လန်ဖူး-ဆရမ်ဖားရွာ မိုင် ၀/၀-၁၂/၀ အတွင်း၌ မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ပြိုမြေကြောင့် လမ်းသားပဲ့ကျပြိုခဲ့ရာ ပြိုကျပျက်စီးခဲ့သည့်တံတားအမှတ်(၁/၆) အရှည် ၅၀ ပေ၊ တံတားအမှတ်(၂/၉) ၄၅ ပေ၊ တံတား အမှတ်(၄/၉) ၃၃ ပေ၊ တံတားအမှတ်(၆/၉) ၄၀ ပေ၊ တံတားအမှတ်(၄/၁၀) ၃၅ ပေတို့အား ၆ ပေအကျယ် လူ၊ လားကူးသစ်သားတံတား ငါးစင်းကို ခရီးသွားလာမှုအဆက်မပြတ်စေ ရေးအတွက် ယာယီဝါးတံတားများအား ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ပြန်လည်အစားထိုး တည်ဆောက်ပေးခဲ့ပြီး ပွင့်လင်းရာသီရောက်သောအချိန်တွင် အသစ်ပြန်လည်တည်ဆောက်ပေးနိုင် ရေးအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိပြီးဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကချင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသအားလုံးရဲ့ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပဉ္စမကာလတိုငါးနှစ် အမျိုးသားစီမံကိန်းရေးဆွဲ ချမှတ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်စဉ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ကချင်ပြည်နယ် အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၁၉၈၉ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၃၆၂၃၀.၅၅၇ သုံးစွဲကုန်ကျခဲ့ပြီးဖြစ်ပါ တယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၃၀၀၆.၂၈၇ သန်း လျာထားခွင့်ပြုပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ လမ်း/တံတားများအနက် လန်ဆယ်ကျေးရွာ၊ လန်ဆယ်နှစ်ထပ်ဘေလီသံဘောင်တံတား ၉၅ ပေ (အသစ်ပြင်ရန် ၂၀၀ ပေ၊ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၄၆၀)၊ လန်ဆယ်-လကင်လမ်းပေါ်ရှိ လုံချောင်းကူးနှစ်ထပ်ဘေလီ သံဘောင်တံတား ၄၀ ပေ (အသစ်ပြင်ရန် ၈၀ ပေ၊ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၁၈၈.၅၆၀)၊ လန်ဆယ် -လကင်မြေလမ်း ၂၀ မိုင်အနက် ၁၅ မိုင်ပြိုကျပျက်စီး (အသစ်ပြင်ရန် ၁၅ မိုင်၊ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၃၁၅)၊ ဖီမော်-ကန်ဖန်-လန်ဆယ်လမ်းပေါ်ရှိ ဒြိဝင်သံဘောင်ဘေလီတံတား ၇၀ ပေ (အသစ် ပြင်ရန် ၁၁၅ ပေ၊ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၁၂၃.၂၁၁)၊ ဖီမော်-ကန်ဖန်-လန်ဆယ်လမ်းပေါ်ရှိ ငွါးဖခါးသံဘောင်ဘေလီတံတား ၃၀ ပေ (အသစ်ပြင်ရန် ၆၀ ပေ၊ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၆၄.၂၈၄)တို့သည် ယခင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သောလုပ်ငန်းများဖြစ် သော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်အတွက် အဆိုပါလမ်းတံတားငါးခု

**မူကြမ်း**

အတွက် အသစ်ပြင်ရန် စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၁၁၅၁.၀၅၅ ဖြစ်ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဖြည့်စွက်ရန်ပုံငွေမရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းများ အဆိုပြုတင်ပြရာတွင် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရပါတယ်။

နိဂုံးချုပ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်နှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေနဲ့ ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် စားနပ်ရိက္ခာအခက်အခဲနှင့်ပတ်သက်ပြီး ပြည့်စုံတိကျစွာ တွက်ချက်တင်ပြပါရန် ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းပေးမှာဖြစ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ရေးဆွဲထားတဲ့ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ အသစ်ဖွဲ့စည်းပြီးဖြစ်တဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲကော်မတီ ဥက္ကဋ္ဌထံသို့ တင်ပြ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ လိုအပ်ချက်အတိုင်း အပြည့်အဝဆက်လက်ကူညီထောက်ပံ့ပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး စောစောတုန်းက ဆွေးနွေးတဲ့အထဲမှာ မေးခွန်းနဲ့မဆိုင်တဲ့ ဦးစားပေးပြီးတော့ မေးခွန်းတွေ၊ အဆိုတွေကို လုပ်ပေးဖို့ဆိုတာ ဆွေးနွေးသွားတာရှိပါတယ်။ တကယ်တော့ ဒီလိုဦးစားပေးပြီးတော့ မေးခွန်းတွေ၊ အဆိုတွေကို လုပ်ပေးစေချင်တယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်အခွင့်အရေးကော်မတီရှိတယ်။ လွှတ်တော်အခွင့်အရေးကော်မတီကို အသိပေးလို့လည်းရတယ်။ စာရေးပြီး အကြံပြုလို့လည်းရတယ်။ သို့သော် မေးခွန်းနဲ့မဆိုင်ဘဲနဲ့ ဒီမှာ တစ်ခါတည်းဆွေးနွေးသွားတဲ့အခါကျတော့ ကျွန်တော်တို့ဘက်ကလည်း ဒီမှာ ပြန်ပြီးတော့ ပွင့်ပွင့်လင်းလင်းပဲ ပြန်ဆွေးနွေးပြပါ့မယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဆီကနေပြီးတော့ မေးခွန်းတွေ၊ အဆိုတွေရောက်တဲ့အခါမှာ မေးခွန်းတွေရောက်တဲ့အစီအစဉ်အတိုင်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ကျွန်တော်တို့ ပို့ရပါတယ်။ မေးခွန်းဆိုလို့ရှိရင် ဝန်ကြီးဌာနကို အနည်းဆုံး ၁၄ ရက်(နှစ်ပတ်) အချိန်ပေးရတယ်။ အဆိုဆိုရင် ဝန်ကြီးဌာနကို အနည်းဆုံး ၂၁ ရက်(သုံးပတ်) အချိန်ပေးရတယ်။ ဒါအနည်းဆုံးပေးတာ။ အဲဒီအနည်းဆုံးပေးတွေနဲ့ အဲဒီလိုဝန်ကြီးဌာနက ဒီမေးခွန်းတွေ၊ အဆိုတွေကို လွှတ်တော်ထဲမှာ လာပြီးတော့ ရှင်းလင်းတင်ပြဖို့ အဆင်သင့်ဖြစ်ပြီဆိုပြီးတော့ ကျွန်တော်တို့ဆီကို အကြောင်းပြန်တော့မှ ကျွန်တော်တို့က ဝန်ကြီးဌာနရဲ့အကြောင်းပြန်တဲ့ List အတိုင်း၊ နံပါတ်အတိုင်း မေးခွန်းတွေ၊ အဆိုတွေကို ကျွန်တော်တို့က ပြန်ဖော်ရတယ်။ တစ်ခါတလေကျတော့ အဲဒီလိုဖော်ပေမယ့်လည်း ဖော်ပြီးမှ လှမ်းချိတ်လိုက်တဲ့အခါကျတော့ ဝန်ကြီးဌာနတွေက သူတို့ရဲ့ဝန်ကြီးဌာနအလုပ်တွေနဲ့

ခရီးသွားတာ၊ ပြည်တွင်း၊ ပြည်ပအစည်းအဝေးတွေရှိတာ အဲဒါတွေနဲ့ မလာနိုင်တဲ့အခါကျတော့ လွှတ်တော်ရဲ့လုပ်ငန်းစဉ်မပျက်အောင်လို့ လာနိုင်တဲ့ဝန်ကြီးဌာနကို အကူအညီတောင်းပြီးတော့ အစားထိုးရတာတွေလည်း ရှိတယ်။ မေးခွန်းပဲဖြစ်ဖြစ်၊ အဆိုပဲဖြစ်ဖြစ်။ ဒါကိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး နားလည်စေချင်တယ်။ အဲဒီလိုအစားထိုးလိုက်တဲ့အခါမှာ အခုနလို စိတ်ထဲမှာထင်ကောင်းထင်မယ်။ သူ့မေးခွန်းက ငါ့ထက်ပို့တာ နောက်ကျတယ်။ ငါက စောတယ်။ ငါ့ဟာ လာမဖြေသေးဘူး။ ဒီလိုထင်ကောင်းထင်မယ်။ ကျွန်တော်တို့က အဲဒီလိုဘက်လိုက်ပြီးတော့ လုပ်တာမရှိပါဘူး။ ပွင့်ပွင့်လင်းလင်းပြောပါမယ်။ ကိုယ်စားလှယ်တွေအားလုံးကို တရားမျှတစွာ ဘယ်ကိုယ်စားလှယ်ပဲဖြစ်ဖြစ် တရားမျှတစွာ တန်းတူညီတူအခွင့်အရေးပေးတယ်။ ဘယ်ကိုယ်စားလှယ်မို့လို့၊ ညာကိုယ်စားလှယ်မို့လို့ ခွဲခြားမှုမရှိဘူး။ ကိုယ်စားလှယ်သည်အားလုံး လွှတ်တော်ထဲမှာ အားလုံးကိုယ်စားလှယ်ပဲ။ ရပိုင်ခွင့်လည်းတူရမယ်။ လုပ်ပိုင်ခွင့်လည်းတူရမယ်။ အခွင့်အရေးလည်း တန်းတူပဲဖြစ်ရမယ်။ ကျွန်တော်တို့ ဒီမူနဲ့ပေးပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးကိုတော့ နားလည်စေချင်ပါတယ်။ တချို့က အဲဒီလိုပေါ့ ထင်ကောင်းထင်မယ်။ တချို့က ငါ့နောက်မှတင်တယ် ရှေ့ကပေါ်လာတယ်။ ဝန်ကြီးဌာနဘက်က အဆင်သင့်ဖြစ်ဖို့လည်း လိုသေးတယ်။ ပွင့်ပွင့်လင်းလင်းပြောပါ့မယ်။ ဒီနေ့နဲ့ မနက်ဖြန်။ ဒီနေ့နဲ့ မနက်ဖြန်မဟုတ်ဘူး။ မနေ့နဲ့ ဒီနေ့ ရပ်/ကျေးအုပ်ချုပ်ရေးတွေ ဥပဒေတွေ တင်ဖို့ လုပ်ထားပြီးပြီ။ ဝန်ကြီးဌာနက ဝန်ကြီးရော၊ ဒုတိယဝန်ကြီးရော အဆင်သင့်မဖြစ်သေးဘူး။ ကျွန်တော်တို့ဆီ အကြောင်းပြန်လာတယ်။ ကျွန်တော်တို့ အခုလို မေးခွန်းတွေ လာဖြေနိုင်တဲ့ဝန်ကြီးတွေကို အကူအညီတောင်းပြီးတော့ မေးခွန်းအနေနဲ့ အစားထိုးရတာရှိတယ်။ အဲဒါက ဟိုလူ ဦးစားပေးလို့၊ ဒီလူ ဦးစားပေးလို့မဟုတ်ပါဘူး။ ဒါလေးကိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး နားလည်စေချင်ပါတယ်။ ဒါက ကျွန်တော် ဒီမှာ မေးခွန်းနဲ့မဆိုင်ဘဲနဲ့ ပြောသွားတဲ့အတွက် ကျွန်တော်က ပြန်ရှင်းရမယ့်တာဝန်ရှိလို့ ကျွန်တော် အားလုံးသိအောင် ပွင့်ပွင့်လင်းလင်းပဲ ပြန်ရှင်းပြတာပါ။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ရိုးရိုးလွှင့်စက်(Analog System) မှ (Digital System) သို့ အဆင့်မြှင့်ပြောင်းလဲတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ မြို့နယ်များမှာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ရိုးရိုးလွှင့်စက် Analog System မှ Digital System သို့ အဆင့်မြှင့်ပြောင်းလဲတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များဟာ အားလုံးကသိထားတဲ့အတိုင်းပါပဲ ကျွန်တော်တို့လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်မို့လို့ မြန်မာ့အလင်း သတင်းစာတွေလည်း အချိန်မီ Up to Date မရရှိနိုင်ပါဘူး။ ပုဂ္ဂလိကဂျာနယ်တွေလည်းပဲ သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင့် ရောင်းတဲ့သူတောင်မှမရှိပါဘူး။ သတင်းမီဒီယာဆိုလို့ ရေဒီယိုတစ်ခုပဲ အားထားရပါတယ်။ ဒါပေမဲ့ ရေဒီယိုဆိုတဲ့ဟာလည်း အမျိုးသမီးတွေနဲ့ ကလေးများနားထောင်တဲ့အလေ့အထ မရှိပါဘူးဗျာ။ ဒါကြောင့်မို့လို့ ကမ္ဘာကြီးနဲ့အဆက်အသွယ်ပြတ်ပြီးတော့မှ ဖြစ်နေသလို အသိအမြင်၊ ဗဟုသုတွေကို လေ့လာဖို့အခွင့်အလမ်း၊ အခြေအနေမျိုးမရှိဘူးဖြစ်နေပါတယ်။ Sky Net လိုမျိုး စလောင်းတွေလည်း လူတိုင်းမဝယ်နိုင်ပါဘူးခင်ဗျာ။ ဝယ်နိုင်တဲ့သူတွေကလည်းပဲ ပုံမှန်အခကြေးငွေပေးသွင်းနေရတဲ့အခက်အခဲလေးတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ရိုးရိုးလွှင့်စက် Analog System မှ Digital System သို့ အဆင့်မြှင့်ပြောင်းလဲတပ်ဆင်ပေးမယ်ဆိုရင် မြို့ပေါ်မှာရှိတဲ့ ပြည်သူများ ဗဟုသုတအမြင် ပိုမိုရရှိလာမှာဖြစ်ပါတယ်။ အခုဆိုရင် လေရှီးနဲ့လဟယ်မြို့ပေါ်မှာ လျှပ်စစ်မီးအသင့်အတင့် ရရှိနေပြီဖြစ်ပါတယ်။ နန်းယွန်းမြို့မှာလည်း မကြာမီရရှိတော့မယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ ဒါကြောင့်မို့လို့ မြို့ပေါ်မှာရှိတဲ့ဌာနဆိုင်ရာများနဲ့ ဒေသခံပြည်သူများ အသိအမြင်၊ ဗဟုသုတ ပိုမိုကြွယ်ဝစေရေးကို ရည်ရွယ်ပြီးတော့မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုနက မေးခွန်းဖြေကြားပြီးတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ပြည်လည်ထွက်ခွာနိုင်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဒွေး၏ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ လက်အောက်ခံရုပ်မြင်သံကြားနဲ့ အသံလွှင့်ထပ်ဆင့်လွှင့်စက်ရုံများကို ဒီဂျစ်တယ်စနစ်ကို အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ဖို့အတွက် DVB-T2 လွှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့ရာမှာ မြန်မာနိုင်ငံရဲ့ အဓိကမြို့များဖြစ်တဲ့ ရန်ကုန်၊ စစ်ကိုင်း၊ ပျဉ်းမနားနှင့် နေပြည်တော်(တပ်ကုန်း)မှာရှိတဲ့ စက်ရုံလေးရုံတို့မှာ ရှေ့ပြေးစီမံကိန်း(Pilot Project) အဖြစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ ဒုတိယအဆင့်အနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လူဦးရေထူထပ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့မြို့ကြီး ၂၂ မြို့ရှိ စက်ရုံ ၂၂ ရုံတို့မှာလည်းကောင်း၊ တတိယအဆင့်အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် အချိုးကျပါဝင်စေရေးအတွက် လျှပ်စစ်မီးရရှိမှုအပေါ် မူတည်ပြီး ပြည်နယ်နဲ့တိုင်းဒေသကြီးများမှာရှိတဲ့ မိမိတို့စက်ရုံ ၆၉ ရုံတို့မှာလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ နောက်ထပ်စက်ရုံ ၄၉ ရုံကိုလည်းကောင်း တိုးချဲ့တပ်ဆင် ထုတ်လွှင့်ပေးခဲ့ပါတယ်။ ယခုအခါမှာ Digital လွှင့်စက်များ တပ်ဆင်ပြီးစီးတဲ့စက်ရုံ ၁၄၄ ရုံကနေ ထုတ်လွှင့်မှုကို တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေရဲ့ ၈၈.၇ ရာခိုင်နှုန်းက ဖမ်းယူရရှိနေပြီ ဖြစ်ပါတယ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိတဲ့ရန်ပုံငွေပေါ် မူတည်ပြီး လက်အောက်ခံစက်ရုံများကို Digital လွှင့်စက်များတိုးချဲ့တပ်ဆင်မှု ဆောင်ရွက်ပေးလျက်ရှိရာမှာ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ဘတ်ဂျက်ခွင့်ပြုချက်မရရှိတဲ့အတွက် ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ သို့သော် ကျန်ရှိတဲ့စက်ရုံများမှာ DVB-T2 လွှင့်စက်များ တပ်ဆင်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စက်ရုံ ၂၅ ရုံကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ စက်ရုံ ၂၅ ရုံကိုလည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ နောက်ထပ်စက်ရုံ ၂၅ ရုံကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ နောက်ထပ်စက်ရုံ ၂၅ ရုံကိုလည်းကောင်း တိုးချဲ့တပ်ဆင်ရန်လျာထားပြီး ဘတ်ဂျက်ခွင့်ပြုမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

**မူကြမ်း**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နဲ့နန်းယွန်း မြို့နယ်တို့မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပေးခဲ့ပြီး Analogue လွှင့်စက်များတပ်ဆင်၍ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ အဆိုပါ စက်ရုံသုံးရုံအနက် နန်းယွန်းစက်ရုံမှာ ၂၈-၁-၂၀၁၆ ရက်နေ့ကစပြီး DVB-T2 လွှင့်စက် 50 W တပ်ဆင်ပေးခဲ့ပြီး ဒီဂျစ်တယ်ရုပ်သံလိုင်းများ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ကျန်ရှိတဲ့ လေရှီးနဲ့လဟယ်ထပ်ဆင့်လွှင့်စက်ရုံများမှာ DVB-T2 လွှင့်စက်များကို တပ်ဆင်မှုနဲ့ပတ်သက်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန်လျာထားပြီး ဘတ်ဂျက်ခွင့်ပြုမှုအပေါ် မူတည်ပြီး ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ လေရှီးမြို့နဲ့ လဟယ်မြို့နယ်များအား DVB-T2 လွှင့်စက်တပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိနိုင်ပါရန် ဖြေကြားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ဦးစီးဌာနနှင့် ဌာနများတွင် ရုံးလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် လိုအပ်သောအချက်အလက်များကို အများပြည်သူမြင်သာသောနေရာများတွင် ချိတ်ဆွဲပြသထားခြင်းနှင့် Website, Social Media အစရှိသော အင်တာနက်၊ လူမှုကွန်ရက်များတွင် ဖြန့်ချိပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ပြည်သူများနဲ့တိုက်ရိုက် ထိတွေ့ဆက်ဆံ နေရတဲ့ရုံးဌာနတွေမှာ ရုံးလုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းစဉ်တွေနှင့် လိုအပ်တဲ့ အချက်အလက်တွေကို ထုတ်ပြန်ပေးခြင်းကိစ္စနဲ့ပတ်သက်ပြီးသွားတော့ ဘက်နှစ်ဖက်ရဲ့ အမြင်တွေကို စုစည်းပြီး တင်ပြမေးမြန်း သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ပြည်သူတွေရဲ့ အခက်အခဲနှင့် လိုလားချက်တွေကို တင်ပြလိုပါတယ်။ ပြည်သူတွေအနေနဲ့ ရုံးပြင်ကန္နားတွေကို သွားရောက်ပြီးတော့ လုပ်ငန်းဆောင်တာတွေကို ဆောင်ရွက် တဲ့နေရာမှာ အစိုးရရုံးဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းတွေကို နည်းမလည်၍သော်လည်းကောင်း၊ ကိုယ် နဲ့အတူပါလာတဲ့ စာရွက်စာတမ်း၊ အချက်အလက်၊ အထောက်အထား ဒါတွေက ရုံးလုပ်ငန်းစဉ်အရ ပြည့်စုံမှန်ကန်မှုရှိ/မရှိဆိုတဲ့ဟာကို မသိနိုင်၍

သော်လည်းကောင်း လုပ်ငန်းကြန့်ကြာမှုတွေကို အစဉ်ကြုံတွေ့နေရလေ့ရှိပါတယ်။ အဲဒီလို အခြေအနေတွေကြောင့် ရုံးထဲကိုဝင်ရောက်လာတဲ့ အချိန်မှာ ဘယ်အချက်အလက်တွေလိုတယ်။ ဘယ်စာရွက် စာတမ်းတွေနဲ့ပြည့်စုံရမယ်။ ဘယ်အဆင့်ပြီးရင်ဘာဆက် လုပ်ရမယ်ဆိုတဲ့ တိကျတဲ့ လမ်းညွှန်ချက်တွေ အများပြည်သူသိရှိနိုင်ရန် ရေးဆွဲ၊ ချိတ်ဆွဲထားခြင်းနဲ့ ဆိုလို့ရှိရင် လုပ်ငန်းတွေကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရုံမျှမကဘဲနဲ့ ပြည်သူ့ဝန်ထမ်းတွေ၊ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင်တော့ အစိုးရအပေါ်ကို ယုံကြည်မှုတွေပိုပြီးတော့ တိုးပွားလာ စေနိုင်ပါမယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဒီရုံးလုပ်ငန်းတွေကို Internet Online ကနေတစ်ဆင့် လုပ်ကိုင် ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးထားသလို ဘယ်လိုအချက်အလက်တွေ၊ ဘယ်လိုအထောက် အထား စာရွက်စာတမ်းတွေပါရမယ်။ ဘယ်အဆင့်ပြီးရင် ဘယ်လိုဆက်လုပ်ရမယ်ဆိုတာတွေကိုလည်း Internet မှာပြည့်စုံစွာဖော်ပြထားကို တွေ့ရှိရပါတယ်။ ဖွံ့ဖြိုးဆဲဖြစ်တဲ့ ကျွန်တော်တို့အိမ်နီးချင်းနိုင်ငံ တွေမှာဆိုလို့ရှိရင်တော့ စာတမ်းများချိတ်ဆွဲပြသထားတာကိုတွေ့ရသလို ကျွန်တော်တို့နိုင်ငံရဲ့ အချို့ သောရုံးဌာနတွေမှာဆိုလို့ရှိရင်တော့ ရုံးတွင်းအစီအစဉ်နဲ့ Vinyl တွေမှာ ရေးသားပြီးတော့ ချိတ်ဆွဲ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အဲဒီလိုမျိုးရှင်းလင်းစွာ ချိတ်ဆွဲဖော်ပြထားတဲ့ရုံးတွေနဲ့ ထိတွေ့ ဆက်ဆံခွင့်ရတဲ့ပြည်သူတွေအနေနဲ့ လွယ်ကူအဆင်ပြေချောမွေ့မှုတွေကြောင့်မို့လို့ စိတ်ကျေနပ်မှုရရှိ ကြတယ်ဆိုတာကိုလည်း တွေ့ရှိရပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ပြည်သူ့ဝန်ထမ်းတွေရဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အခက်အခဲပါ။ သက်ဆိုင်ရာဌာနတွေကို ရုံးလုပ်ငန်းတွေအတွက် ရောက်ရှိလာတဲ့ပြည်သူတွေအချို့ဟာ လုပ်ထုံးလုပ် နည်းနဲ့မညီတာတွေ ဒါမှမဟုတ်လို့ရှိရင် အထောက်အထား၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံ တဲ့အခါတွေမှာ ဒီအချက်အလက်တွေ ပြည့်စုံမှန်ကန်ဖို့အတွက် ပြည်သူ့ဝန်ထမ်းတွေက ပြန်လည် ရှင်းလင်းဖြေကြားပေးပေမယ့်လည်း တစ်ဖက်နှင့်တစ်ဖက် နားလည်မှုလွဲမှားခြင်းတွေ ဖြစ်ပွားနေကြ တာကိုလည်း ကျွန်တော်တို့တွေအနေနဲ့ တွေ့ရပါတယ်။ ပြောင်းလဲချိန်တန်ပြီလို့ ကြွေးကြော်လာတဲ့ အစိုးရသစ်တစ်ရပ်နှင့်အညီ ယခင်ပုံစံဟောင်းထဲကနေ ခွဲထွက်ပြီးသွားတော့မှ ပြည်သူ့အကျိုးကို အမှန်တကယ်ဆောင်ရွက်လိုတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ ဘယ်အချက်တွေလိုတယ်၊ ဘယ်စာရွက် စာတမ်းတွေကိုလိုတယ်လို့ ပြည်သူအချို့ကို ရိုးသားစွာရှင်းလင်းဖော်ပြခဲ့ပေမယ့်လည်း၊ ပြောကြားခဲ့ပေ မယ့်လည်း အပိုင်းလေးမပါလို့လား၊ ပုဒ်မလေးမလုပ်လို့လားဆိုပြီးသွားတော့ ရိုးစွပ်မှုတွေ ခံရတဲ့အခါ မှာတော့ တော်တော်လေးကိုစိတ်မကောင်းဖြစ်ကြရတာလည်း တွေ့ပါတယ်။ အဲဒီကနေမှတစ်ဆင့် ငါတို့

ဘယ်လိုပဲပြောင်းလဲ၊ ပြောင်းလဲ မထူးပါဘူး။ ဒုံရင်းဒုံရင်းပါပဲကွာဆိုပြီးတော့ စိတ်ပျက်သွားမှာကိုတော့ အလွန်ပဲစိုးရိမ်မိပါတယ်။ ဒီလိုအခြေအနေတွေကို ရှောင်ရှားကျော်လွှားသွားနိုင်ဖို့အတွက်ဆိုရင် ရုံးတွေမှာ လိုအပ်တဲ့အချက်အလက်တွေကို Vinyl လေးတွေနဲ့ ချိတ်ဆွဲထားခြင်းအားဖြင့်ကို လွယ်လွယ်ကူကူကျော်လွှားသွားနိုင်မယ်လို့ ယူဆပါတယ်။ ဒီလိုဆောင်ရွက်ဖို့အတွက်အနေနဲ့ဆိုလို့ရှိရင်လည်း အစိုးရအနေနဲ့ ငွေကုန်ကြေးကျမများပါဘူး။ ကျွန်တော်တို့တွေက ဒီ E-Government System တွေ၊ Online Service တွေ ဒီဟာတွေကို မလုပ်နိုင်သေးခင်စပ်ကြားမှာ အစိုးရဘတ်ဂျက်တွေ အမြောက်အမြားမကုန်ဘဲနဲ့ ပြည်သူတွေနဲ့ အစိုးရကိုယ်စားထိတွေ့ဆက်ဆံနေရတဲ့ ပြည်သူ့ဝန်ထမ်းတွေကြားမှာ အပြန်အလှန်လေးစားယုံကြည်မှုတွေကို ဒီနည်းနဲ့မြှင့်တင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေအနေနဲ့ကတော့ ကိုယ့်မဲဆန္ဒနယ်မှာရှိနေတဲ့ အစိုးရဌာနတွေရဲ့တာဝန်ရှိသူတွေကို တိုက်တွန်းတွန်းအားပေး မေတ္တာရပ်ခံတဲ့ပုံစံမျိုးတွေနဲ့ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေသော်ငြားလည်း မဲဆန္ဒနယ် တစ်နယ်၊ တစ်နယ်ချင်းစီအလိုက်ပဲ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိနေတဲ့ ဝန်ကြီးဌာနအားလုံးအတွက်ဆိုလို့ရှိရင်တော့ ပြည်ထောင်စုအစိုးရအနေနဲ့ လမ်းညွှန်ချက်ချမှတ်ပြီးသွားတော့မှ တစ်ပြေးညီဆောင်ရွက်မှသာ အကောင်အထည်ပေါ်လာမယ်လို့ ယူဆပါတယ်ဗျ။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ၍ ရုံးလုပ်ငန်းများလုပ်ကိုင်နေရသော အစိုးရဌာနရုံးများတွင် ရုံးလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် လိုအပ်သောအချက်အလက်များကို အများပြည်သူမြင်သာသောနေရာများတွင် ချိတ်ဆွဲပြသထားခြင်းနှင့် Website, Social Media အစရှိသော အင်တာနက်၊ လူမှုကွန်ရက်များတွင် ရှင်းလင်းစွာရေးသား၍ဖြန့်ချိပေးရန် ပြည်ထောင်စုအစိုးရအနေနဲ့ အစီအစဉ်ရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ

ပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်ရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါ တယ်။ ပြည်ထောင်စုဝန်ကြီးဌာနများဟာ နိုင်ငံတော်အစိုးရရဲ့ ချမှတ်ထားသောမူဝါဒ၊ လမ်းညွှန်ချက် များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများနဲ့ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ရတဲ့ဌာနများမှာ လုပ်ငန်းဆောင်တာများဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေရန် အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရတဲ့လုပ်ငန်းများအပေါ် မူတည်ပြီး ရုံး လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် လိုအပ်တဲ့သတင်းအချက်အလက်များကို ဝန်ကြီးဌာန အားလုံးလောက်မှာပဲ Website များထားရှိပြီး ထုတ်ပြန်ကြေညာပေးလျက်ရှိသလို ရုံးဌာနအသီးသီးမှာ လည်း လုပ်ဆောင်ရမယ့် လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်များကို Vinyl များချိတ်ဆွဲ၍လည်းကောင်း၊ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခြင်းဖြင့်လည်းကောင်း အသိပေးဆောင်ရွက်လျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Web Portal ဖြစ်တဲ့ www.moi.gov.mm မှာ မြန်မာ၊ အင်္ဂလိပ်ဘာသာများ နဲ့ဖတ်ရှုနိုင်ပြီး MOI Web portal Facebook, MOI Blog ဖြစ်တဲ့ moigovnews.blogspot.com မှာလည်းဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနဟာ ပြည်သူများနဲ့တိုက်ရိုက်ထိတွေ့ ဆက်ဆံရတဲ့ဌာနဖြစ်တဲ့အားလျော်စွာ ဌာနရဲ့လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်သူများသိလိုတဲ့ ဥပဒေ များ၊ နည်းဥပဒေများ၊ အစိုးရအဖွဲ့ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးဌာနအလိုက် ပြော ရေးဆိုခွင့်ရပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရေးမှူးများရဲ့ အမည်စာရင်း၊ ဆက်သွယ်နိုင် မယ့်တယ်လီဖုန်းနံပါတ်တို့အပြင် ဝန်ကြီးဌာနများရဲ့ Website လိပ်စာများကိုလည်း အလွယ်တကူ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ရန် Link များနှင့် ပြည်ကြားရေးဝန်ကြီးဌာန Web Portal၊ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Web Page တို့မှာ ပြည်သူများ သိရှိနိုင်စေရန်နှင့် ဆက်သွယ် မေးမြန်းနိုင်ရန် လွှင့်တင်ဆောင်ရွက်ထားပါတယ်။

ပြည်သူများ နေ့စဉ်ဖြစ်ပျက်နေတဲ့သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများ၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာသတင်းများနှင့် အစိုးရအဖွဲ့ရဲ့ဆောင်ရွက်မှုသတင်းများနှင့် လွှတ်တော်ဆိုင်ရာသတင်း များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် MOI Web portal Facebook မှာ နေ့စဉ် လွှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံသို့ တက်ရောက်သတင်းရယူမယ့် သတင်းမီဒီယာသမားများအား Web portal မှာ မှတ်ပုံတင်နိုင်ရေး

အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် အစိုးရရဲ့ ရက် ၁၀၀ စီမံချက်လုပ်ငန်းစဉ်များလည်း ပြည်သူများ အလွယ်တကူဝင်ရောက်ကြည့်ရှုနိုင်အောင် ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ ရက် ၁၀၀ ဗီဒီယိုဖိုင်များကို ပြန်ကြားရေးဝန်ကြီးဌာန Web portal မှာ ပြည်သူများသိရှိနိုင်စေရန် ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရသစ် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်များကိုလည်း နိုင်ငံပိုင်မီဒီယာများဖြစ်တဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေ့စဉ်ထုတ်သတင်းစာများမှာ ထုတ်လွှင့်ဖော်ပြပေးခဲ့ပါတယ်။ ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်မှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှာရှိတဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးပေါင်း ၄၃၁ ရုံးမှာလည်း နိုင်ငံတော်အစိုးရရဲ့ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာနအသီးသီးရဲ့ လုပ်ဆောင်မှုများ၊ သတင်းအချက်အလက်များကို ကြော်ငြာသင်ပုန်းများနဲ့လည်းကောင်း၊ လက်ကမ်းစာစောင်များနဲ့လည်းကောင်း သက်ဆိုင်ရာဒေသအလိုက် အာဏာပိုင်အဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်းကာ အသိပညာပေးခြင်း၊ သတင်းအချက်အလက်များမျှဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ ရုံးလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များအပါအဝင် အခြားသောဝန်ကြီးဌာနများရဲ့ သတင်းအချက်အလက်များ၊ မိုးလေဝသသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုသတင်းများကို ပြည်သူများ အလွယ်တကူမေးမြန်းသိရှိနိုင်စေရန်အတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာန Call Center Hot Line(1883) ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း နိုင်ငံတော်အစိုးရရဲ့ လုပ်ငန်းဆောင်ရွက်မှုများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရေးအတွက် အများပြည်သူမြင်သာတဲ့နေရာများမှာ ချိတ်ဆွဲပြသခြင်း၊ လိုအပ်တဲ့အချက်အလက်များ ထုတ်ယူအသုံးပြုနိုင်ရန် ဌာနဆိုင်ရာ Website နှင့် ဌာနဆိုင်ရာ Social Media များမှာ ဖော်ပြပေးခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အခြားသောဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ယခုထက်ပိုမိုတိုးတက်ပြည့်စုံအောင်လည်း အများပြည်သူအတွက် ပိုမိုအဆင်ပြေအောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ ခင်ဗျာ။ အခုလိုမျိုး ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရှင်းရှင်းလင်းလင်း ဖြေကြားပေးသွားတဲ့ အတွက်ကြောင့်မို့လို့လည်း အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ပြည်ထောင်စု

ဝန်ကြီးရဲ့ ရှင်းပြခြင်း မှာ အဓိကအားဖြင့်ဆိုလို့ရှိရင်တော့ ဌာနတွေရဲ့လုပ်ဆောင်နေတဲ့လုပ်ငန်းတွေကို သတင်းအဖြစ် Website တွေမှာဖော်ပြတာမျိုးက ပိုပြီးတော့များပြားနေပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းထဲမှာပါဝင်တဲ့ အဓိကရည်ရွယ်ချက်သည် မေးခွန်းထဲမှာလည်းပါထားပြီးသားပါ။ ဥပမာ အားဖြင့် ကျွန်တော်တို့ဟာ မှတ်ပုံတင်လိုချင်လို့ လဝကရုံးကိုသွားတယ်ဆိုရင် မှတ်ပုံတင်ရရှိဖို့ အတွက်ဆိုရင် ဘယ်အချက်၊ ဘယ်အချက်၊ ဘယ်အထောက်အထား၊ ဘယ်စာရွက် စာတမ်းတွေ ပါရမယ်။ နောက်ပြီးတော့မှ သန်းခေါင်စာရင်းကို အသစ်လုပ်တာပဲဖြစ်ဖြစ်၊ မွေးတိုးလုပ်တာပဲဖြစ်ဖြစ် အဲဒါဆိုလို့ရှိရင်လည်း ဘယ်လိုမျိုးအချက်အလက်၊ အထောက်အထားတွေ့ပြည့်စုံရမယ်။ အဲဒီလိုမျိုး ပါပဲခင်ဗျ။ ပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံရတဲ့ မြေစာရင်းဌာနတို့၊ စည်ပင်ဌာနတို့၊ နောက်ပြီး အခွန်ဦးစီးဌာနတို့။ အဲဒီလိုနေရာမျိုးတွေမှာ ပြည်သူတွေကနေ ရုံးလုပ်ငန်းတွေကို လာပြီးတော့လုပ်ကိုင် ဆောင်ရွက် ရတဲ့နေရာမှာ အခက်အခဲ၊ အဟန့်အတားမဖြစ်အောင် ဘယ်အချက် အလက်တွေနဲ့ ပြည့်စုံတယ် ဆိုလို့ရှိရင်တော့ ခုနကပြောတဲ့ မှတ်ပုံတင်လုပ်ခြင်းကိစ္စတို့ အစရှိသဖြင့် ပေါ့နော် ဒီကိစ္စတွေကို လုပ်ကိုင်ဆောင်ရွက်လို့ရတယ်ဆိုတာမျိုးတွေကို ရှင်းရှင်းလင်းလင်း သိသာအောင်၊ မြင်သာအောင် အဲဒီလိုမျိုးသက်ဆိုင်ရာရုံးဌာနတွေမှာ ချိတ်ဆွဲပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာမျိုးကို ကျွန်တော် အဓိက ထားပြီးတော့ မေးမြန်းတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီကိစ္စမျိုးဟာလည်း ကျွန်တော်တို့ မြို့နယ်တစ်ခုချင်းစီဆိုတာထက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဦးစီးဦးဆောင်လုပ်ပြီးတော့မှ၊ လမ်းညွှန်ချက်ချမှတ်ပြီးသွားတော့မှ ဝန်ကြီးဌာနတွေကို ညွှန်ကြားတော့မှ သာ အကောင်အထည်ပေါ် လာလိမ့်မယ်လို့ ယူဆတဲ့အတွက် အဲဒီလိုမျိုး ဆက်လက်လုပ်ကိုင် ဆောင်ရွက်ဖို့ကိုကော ပြည်ထောင်စု အစိုးရအဖွဲ့အနေနဲ့ အစီအစဉ်ရှိ/မရှိကို ထပ်ဆင့်မေးမြန်း ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ဦးဖြိုးဇေယျာ သော်ရဲ့ မေးမြန်းချက်ကို ကျွန်တော်သဘောပေါက်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အစိုးရအဖွဲ့တစ်ရပ်လုံး သို့မဟုတ် အခြားသောဝန်ကြီးဌာနများကို ကိုယ်စားပြုပြီးဖြေကြားဖို့ခက်ပါတယ်။ သို့သော် ကျွန်တော် နားလည်တာကတော့ အစိုးရဌာနဆိုင်ရာ ရုံးဌာနအသီးသီးမှာတော့ အဲဒီလိုလိုအပ်ချက်များကို ထုံးစံ အားဖြင့်တော့ လိုအပ်တဲ့အချက် ဥပမာ- မှတ်ပုံတင်အတွက်ဆိုရင် မည်သည့်အချက်အလက်တွေ

လိုအပ်တယ် စသဖြင့် ဒါတွေကတော့ ထုံးစံအားဖြင့်တော့ ဒီအချက်အလက်များကိုတော့ ကြေညာပေး ထားလေ့ရှိတယ်လို့ ကျွန်တော်တို့နားလည်ပါတယ်။ သို့သော် အခုလက်ရှိအနေအထားမှာ ဒီလို ဆောင်ရွက်မှုတွေသည် မပြည့်စုံသေးဘူး။ အားနည်းနေတယ်လို့ ယူဆလို့ရှိရင်တော့ ကျွန်တော်တို့ အနေနဲ့လည်းပဲ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ ကြားကနေဆက်စပ်ပြီးတော့ကာ အစိုးရဌာန များမှာ ဒီလိုဒီလိုကိစ္စရပ်များကို အများပြည်သူအတွက် ပိုမိုရှင်းလင်းသိမြင်နိုင်အောင်အတွက် လွယ်ကူ အောင်၊ အဆင်ပြေချောမွေ့အောင်အတွက် မည်သို့မည်ပုံဆောင်ရွက်သင့်တယ်ဆိုတဲ့ဟာမျိုးကို အကြံ ပြုတဲ့စာမျိုး ကျွန်တော်တို့ပြန်ကြားရေးရဲ့ ပြန်ကြားတဲ့မီဒီယာတွေကနေတစ်ဆင့် ဖော်ပြပေးတာမျိုး ကျွန်တော်တို့ တတ်နိုင်ပါတယ်။ အဲဒီတော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနအသီးသီးမှာ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ဆက်စပ်ပြီးတော့ သူတို့နှင့်အတူ သတင်းစာရှင်းလင်းပွဲ စသဖြင့်တွေကိုလည်း ဆက်စပ်ပြီးဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့သည် အဲဒီလို ပုဂ္ဂိုလ်များကနေတစ်ဆင့် အခြားသောဝန်ကြီးဌာနများကို ယခု ဦးဖြိုးဇေယျာသော်ရဲ့မေးမြန်းချက်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အသိပေးအကြောင်းကြားပြီးတော့ ဆက်လက်ပြီးတော့ဆောင်ရွက်ကြရ အောင် နှိုးဆော်တဲ့အလုပ်ကို ကျွန်တော်တို့လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒီလိုပဲ ဦးဖြိုးဇေယျာသော်ရဲ့မေးခွန်းကို ကျွန်တော်ဖြေကြားပါရစေ။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သော စာအုပ်ထုတ်ဝေရေးလုပ်ငန်းပြန်လည်မြင့် တက်လာရေးအတွက် ရေတို/ရေရှည်အစီအစဉ်များရှိ/မရှိနှင့် မြန်မာစာပေကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ဘာသာပြန်လုပ်ငန်းနှင့်ပတ်သက်၍ စာပေလောကသားများအား အစိုးရက ထိထိရောက်ရောက်ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်က မြန်မာစာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါ တယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ကြီးကျယ် ခမ်းနားတဲ့စာပေသမိုင်းရှိတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မိဖုရားဖွားစောကျောက်စာ၊ သိယ်သူ့သမီး ကျောက်စာ၊ ရာဇကုမာရ်ကျောက်စာ အဲဒါတွေပေါ်ထွန်းခဲ့တဲ့ ပုဂံခေတ်ကစပြီးရေတွက်မယ် ဆိုရင်

တောင် ကျွန်တော်တို့စာပေရဲ့သက်တမ်းဟာ နှစ် ၁၀၀၀ လောက်ရှိခဲ့ပါပြီ။ ဒါဟာ ကျွန်တော်တို့ ဒေသတွင်းမှာ ဂုဏ်ယူဝင့်ကြွားလောက်တဲ့သက်တမ်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့တွေ စာဖတ် သမားဘဝကို စပြီးတက်လှမ်းခဲ့တဲ့ ၁၉၆၀-၁၉၇၀ ခုနှစ်လောက်ကဆိုရင်လည်း ပုဂံစာပေ၊ သင့်စာပေ၊ တင်ဆွေလင်းစာပေ၊ ကျော်လင်းစာပေ၊ ဝင်းမော်ဦးစာပေ အဲဒီကထုတ်တဲ့စာအုပ်တွေ၊ ဂန္ထဝင်စာအုပ်ကြီးတွေ အရှေ့ကနေဝန်းထွက်သည့်ပမာ၊ မရဏမောင်းလော အောင်စည်လော၊ ဘုံဘဝမှာဖြင့် အဲဒီလိုစာအုပ်ကြီးတွေက ကျွန်တော်တို့လူငယ်တွေကြားထဲမှာ အသည်းစွဲဖတ်ခဲ့ရပါတယ်။ အဲဒီတုန်းက အဲဒီစာအုပ်ကြီးတွေပုံနှိပ်မှတ်တမ်းမှာ ကျွန်တော်ကြည့်လိုက်တဲ့အခါ အုပ်ရေ ၁၀၀၀၀၊ ၂၀၀၀၀ ကျွန်တော်မှတ်မိသလောက်ဆိုရင် အရှေ့ကနေဝန်းထွက်သည့်ပမာဆိုရင် အကြိမ်ကြိမ်ရိုက်ရပါတယ်။ အဲဒီတော့ တစ်ကြိမ်မှာကျွန်တော် ပုံနှိပ်မှတ်တမ်းကြည့်တဲ့အခါမှာ အုပ်ရေ ၃၀၀၀၀ လို့ ကျွန်တော်သိရပါတယ်။ အဲဒီတော့ မကြာသေးခင်က အင်မတန်နာမည်ကြီးတဲ့ Best Seller ဆရာမလေးတစ်ယောက် သူရဲ့နာဂစ်နောက်ခံဝတ္ထုကို ကျွန်တော်ဝယ်ပြီးတော့ ဖတ်ကြည့်ပါတယ်။ အင်မတန်လည်း ဖတ်လို့ကောင်းပါတယ်။ အင်မတန်လည်းလူကြိုက်များတယ်လို့ သိရပါတယ်။ ဒါပေမယ့် အဲဒီစာအုပ်ရဲ့ ပုံနှိပ်မှတ်တမ်းမှာကျတော့ အုပ်ရေ ၁၀၀၀ လို့တွေ့ရပါတယ်။ အချို့သော စာအုပ်တွေဆိုရင်အုပ်ရေ ၅၀၀ ဆိုတော့ ကျွန်တော်တို့အဲဒီစာအုပ်ရေ ၃၀၀၀၀ လောက်ထုတ်တုန်းကဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေဟာ သန်း ၃၀ လောက်ပဲရှိပါတယ်။ အခုဆိုရင် ကျွန်တော်တို့က သန်း ၅၀ ကျော်ထိရှိနေပါပြီ။ အဲဒီတော့ ဒီလိုအခုဖြစ်ရခြင်းက TV တွေ၊ Video တွေ၊ Internet တွေစတဲ့ အခြားသောဖျော်ဖြေမှုတွေကြောင့် ဖြစ်တယ်လို့လည်း ဒါကိုအကြောင်းပြနိုင်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့လေ့လာမှုအရ ကျွန်တော်လေ့လာသိရှိရသလောက်တော့ ဂျပန်တို့၊ ဂျာမနီတို့၊ အင်္ဂလန်တို့လိုနိုင်ငံတွေမှာ ဒီလို အခြား Entertainment တွေရှိပေမဲ့ စာအုပ်ထုတ်ဝေရေးလုပ်ငန်းဟာ ကျွန်တော် တို့ဆီမှာလောက် ဆိုးဆိုးဝါးဝါးကျဆင်းမသွားခဲ့ဘူးဆိုတာကို ကျွန်တော်သိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီစာပေထုတ်ဝေရေးလုပ်ငန်းမှာ ဒီလိုနိမ့်ပါးကျဆင်းနေတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ စာပေလောကသားတွေ၊ စာရေးဆရာတွေ၊ ထုတ်ဝေရေးသမားတွေကို နိုင်ငံတော်အစိုးရကနေပြီးတော့ ဘယ်လိုကူညီပြီးတော့ ဆောင်ရွက်သွားဖို့ ရေရှည်၊ ရေတိုအစီအမံတွေရှိ/မရှိဆိုတာကို ကျွန်တော် သိချင်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံမှာ အင်မတန်မှထူးခြားထင်ရှားတဲ့ စာရေးဆရာကြီးတွေရှိပါတယ်။ သူတို့ရဲ့စာပေတွေဟာဆိုလို့ရှိရင်လည်း အင်မတန်ကိုနာမည်ကြီးပါတယ်။ ဥပမာ-ဆရာမြသန်းတင့်ရဲ့ တောင်သမန်ရွှေအင်းတို့၊ နောက် မာယာဘုံတို့၊ နောက် ဓားတောင်တို့ အဲဒီလို

စာအုပ်မျိုးတွေဆိုလည်း ကမ္ဘာ့အဆင့်အတန်းနှင့် ညီလောက်တယ်လို့ခံစားရပါတယ်။ သို့သော်လည်း အဲဒီစာအုပ်ကြီးတွေဟာ ကမ္ဘာ့စာပေနိုဘယ်လ်ဆုအတွက် တစ်ခါမှစဉ်းစားခြင်းမခံရပါဘူး။ ဒါဟာ ကျွန်တော် နားလည်တာကတော့ ကျွန်တော်တို့စာပေကို ကမ္ဘာကသိအောင် ဘာသာပြန်လုပ်ငန်းပေါ့။ အဲဒီ လုပ်ငန်းမလုပ်နိုင်ခဲ့တာ။ ဒါကလည်းအကြောင်းအချက်တစ်ခုအနေနဲ့ ပါဝင်မယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာ့စာပေလက်ရာကြီးတွေကို ကမ္ဘာကသိအောင် ဈေးကွက်မှာလည်း ကမ္ဘာ့အဆင့်အတန်းဝင်အောင် ကမ္ဘာ့စာပေနိုဘယ်လ်ဆုကြီးတွေအတွက် စဉ်းစားလို့ရအောင် စာပေလောကသားတွေ၊ စာရေးဆရာတွေ၊ ထုတ်ဝေသူတွေကို ပြည်ထောင်စုအစိုးရအနေနဲ့ ကူညီသွားဖို့ အစီအစဉ်ရှိ/မရှိဆိုတာကို စာပေမြတ်နိုးတဲ့ မြန်မာပြည်သူများရဲ့ကိုယ်စား လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်လည်မြင့်တက်လာရေးနဲ့ မြန်မာ့စာပေကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်ရေးအတွက် ဘာသာပြန်လုပ်ငန်းဆောင်ရွက်ရာမှာ ကူညီရေးတို့နှင့်စပ်လျဉ်းပြီးတော့ မေးမြန်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ကို အထူးပဲကျေးဇူးတင်ပါတယ်။ မေးမြန်းတဲ့ အချက်နှစ်ရပ်ကို တစ်ဆက်တစ်စပ်တည်း ဖြေပါရစေ။ ကိုယ်စားလှယ်တော်ကြီးက စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက် ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်တဲ့သဘော ဖော်ပြခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီအချက်ကို အပြည့်အဝလက်ခံပါတယ်။ စာအုပ်စာပေသည် တစ်ဦးချင်းသောနိုင်ငံသူနိုင်ငံသားများ အသိပညာ

ဗဟုသုတပြည့်ဝရေး၊ အဲဒီကဆက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပေးသော အရာတစ်ခုဖြစ်တယ်လို့ အလေးအနက်ခံယူပါတယ်။

အမှန်စင်စစ်ကတော့ ဒီအချက်ကိုအမြော်အမြင်ကြီးမားတဲ့ မြန်မာအသိပညာရှင်တွေအနေနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက သိမြင်ပြီးစည်းရုံးဆော်ဩဆောင်ရွက်ခဲ့ကြတာ ရှိပါတယ်။ အဲဒီတုန်းက ကြွေးကြော်ပြောဆိုခဲ့ကြတာက (က) ကမ္ဘာကိုမြန်မာကသိဖို့၊ (ခ) မြန်မာကို ကမ္ဘာက သိဖို့နှင့် (ဂ) မြန်မာကိုမြန်မာတို့သိဖို့ဆိုတဲ့ သိမှုသုံးရပ်ဖြစ်ပါတယ်။ ဒါကို ရုပ်လုံးပေါ်ရုံလောက် အကျဉ်းမျှ ရှင်းလင်းတင်ပြလိုပါတယ်။

ကမ္ဘာကို မြန်မာကသိဖို့ဆိုတာကနိုင်ငံတကာမှာ ဖြစ်ပျက်နေသော အကြောင်းခြင်းရာတွေကို မြန်မာတို့သိဖို့နဲ့ ကမ္ဘာ့အသိပညာဗဟုသုတတွေကို မြန်မာတို့ရရှိဖို့ဖြစ်ပါတယ်။ အဲဒီအတွက် နိုင်ငံ တကာစာအုပ်စာပေတွေကို မြန်မာဘာသာပြန်ဆိုဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ တစ်ချိန်က ထင်ရှားခဲ့တဲ့ နဂါးနီစာအုပ်အသင်း၊ ဘာသာပြန်စာပေအသင်းတို့ဟာ သူတို့ခေတ်သူတို့ကာလမှာ အဲဒီအလုပ်ကို ထိထိရောက်ရောက်အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ မြန်မာကို ကမ္ဘာကသိဖို့ဆိုတာ က ကျွန်တော်တို့တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းခြင်းရာတွေ၊ ကျွန်တော်တို့တိုင်းပြည်နဲ့ လူမျိုးရဲ့သမိုင်း၊ ထုံးဓလေ့အစဉ်အလာတွေ၊ စရိုက်လက္ခဏာတွေကို ကမ္ဘာကပီပီသသသိရှိဖို့၊ ကျွန်တော်တို့ စာပေပညာရှင်များ ဖန်တီးထားတဲ့ အနုပညာလက်ရာတွေ၊ အသိပညာအမွေအနှစ် တွေကို ကမ္ဘာကို ဖြန့်ချိဝေငှနိုင်ဖို့၊ ဂုဏ်ယူစွာတင်ဆက်ပြသနိုင်ဖို့ဆိုတာဖြစ်ပါတယ်။ အဲဒီအတွက် မြန်မာစာအုပ် စာတမ်းများကို အင်္ဂလိပ်ဘာသာပြန်ဆိုဖို့ လိုပါတယ်။ ဒီအလုပ်ကိုတော့ ထိထိ ရောက်ရောက် မဆောင်ရွက်နိုင်ခဲ့ကြပါဘူး။

တတိယဖြစ်တဲ့ မြန်မာကိုမြန်မာတို့သိဖို့ဆိုတာကတော့ ကျွန်တော်တို့လူမျိုးတွေ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်သမိုင်း၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်စာပေစတာတွေကို ပြည့်ပြည့်ဝဝသိဖို့ဖြစ်ပါတယ်။ ဒါမှသာလျှင် မိမိကိုယ်ကိုလည်းသိ၊ သူတစ်ပါးကိုလည်းသိတဲ့ အမြော်အမြင်ရှိသော၊ ချင့်ချိန်စဉ်းစား တတ်သောသူတွေ ဖြစ်လာမှာပါ။ ဒီ့အတွက် မြန်မာမှုမြန်မာ့ရေးရာစာပေများ ထွန်းကားရေးနှင့် လေ့လာဖတ်ရှုကြရေးကို ဆော်ဩဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီအပိုင်းကို စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတချို့ရှိခဲ့တာ မှန်သော်လည်း တကယ်တမ်းလုပ်ကိုင်ဆောင်ရွက်မှု အပိုင်းမှာတော့ အားနည်းခဲ့ပါတယ်။

**မူကြမ်း**

ဒါက စာအုပ်စာပေထွန်းကားရေးနှင့် တိုင်းပြည်နဲ့လူမျိုးဖွံ့ဖြိုးတိုးတက်ရေး ဆက်စပ်ပုံအကြောင်း၊ ပြီးတော့ဒီအတွက် ရှေ့ကလူတွေ ဘာတွေလုပ်ဆောင်ခဲ့ကြတယ်ဆိုတဲ့အချက်ရယ်၊ ဒီကနေ့ ကျွန်တော်တို့ ဘာတွေဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်းကို သိသာမြင်သာရုံလောက် အကျဉ်းချုပ်တင်ပြတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရှေ့ကရှိခဲ့တဲ့ အမြော်အမြင်ကြီးမားသောပုဂ္ဂိုလ်များ အစပျိုးပေးခဲ့ပြီး နောက်လူတွေအကြောင်းကြောင်းကြောင့် ဆက်လက်အကောင်အထည်မဖော်နိုင်ခဲ့တဲ့ အထက်က လုပ်ငန်းစဉ်တွေကို ပြန်လည်ပျိုးထောင်အကောင်အထည်ဖော်ဖို့ ရည်မှန်းချက်ထားရှိပါတယ်။ ဒီအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းပမာဏဟာ ကြီးမားကျယ်ပြန့်ပြီးတော့ ဒါတွေကိုလုပ်ဆောင်ရမယ့် လူ့အရင်းအမြစ်ကလည်း အခုအချိန်မှာနည်းပါးနေပါသေးတယ်။ သို့သော် ဆောင်ရွက်ရမယ့် လုပ်ငန်းနမူနာကတော့ ရှိခဲ့ပါတယ်။ တစ်ချိန်တုန်းက အားကောင်းခဲ့တဲ့ စာပေအဖွဲ့အစည်းများရဲ့ နမူနာကိုယူပြီး ဒီလုပ်ငန်းကဏ္ဍသုံးရပ်လုံးကို အကောင်အထည်ဖော်နိုင်မယ့် စာပေအဆောက်အဦကြီးတစ်ရပ် ဖွဲ့စည်းထူထောင်ဖို့ပါပဲ။ ဒီ့အတွက် လေ့လာဆွေးနွေးမှုတွေ စတင်ပြုလုပ်နေပါတယ်။ စနစ်တကျဖွဲ့စည်းတည်ထောင်နိုင်ဖို့အတွက် ယခင်ကအတွေ့အကြုံရှိခဲ့တဲ့ စာပေပညာရှင်ကြီးများ၊ စာပေအဖွဲ့အစည်းများသာမက စာပေဖွံ့ဖြိုးရေးကိစ္စမှာ စိတ်ဝင်စားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံမှပါ အကြံဉာဏ်များရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါကတော့ ရေရှည်အစီအစဉ်ဖြစ်ပါတယ်။ လက်တလောဆောင်ရွက်နေတာတွေနဲ့ ပတ်သက်လို့ စာပေမြှင့်တင်ရေးနှင့် စာအုပ်လုပ်ငန်းတိုးတက်ရေးကို အထောက်အကူပြုနိုင်ဖို့အတွက် စာပေဆွေးနွေးပွဲနှင့် စာအုပ်ရောင်းပွဲတွေ ပူးတွဲကျင်းပမယ့်အစီအစဉ်များ စတင်ပြုလုပ်နေတာရှိပါတယ်။ ပထမဆုံးအနေနဲ့ ဇူလိုင်လနောက်ဆုံးပတ်က ရန်ကုန်မြို့ သိမ်ဖြူလမ်းမှာရှိတဲ့ ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အဦမှာ မြန်မာ့နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် စာအုပ်ဆိုင်ပေါင်း ၁၀၀ ကျော် ခင်းကျင်းရောင်းချတဲ့ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်တစ်ရပ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီ့အတွက် စာတမ်းဖတ်ပွဲ၊ စာပေဆွေးနွေးပွဲကျင်းပရေးကော်မတီနှင့် စာအုပ်ဈေးရောင်းပွဲကော်မတီတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များ ဆက်လက်ကျင်းပဖို့ရှိရာမှာ အဲဒီထဲမှာ စာတမ်းဖတ်မယ့်၊ ဆွေးနွေးမယ့်ခေါင်းစဉ်တစ်ခုကတော့ ဘာသာပြန်စာပေဖွံ့ဖြိုး တိုးတက်ရေးဆိုတဲ့ခေါင်းစဉ် ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ကမ္ဘာကိုမြန်မာက သိရေးနဲ့မြန်မာကို ကမ္ဘာကသိရေးကိစ္စပါ။ ကျွန်တော်တို့ထက် ဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးချင်းတိုင်းပြည်များမှာ နိုင်ငံတကာကစာအုပ်စာတမ်းကောင်းများကို၊ ကမ္ဘာမှာဒီနေ့ထွက်တာနဲ့နောက်တစ်နေ့ သူတို့ဘာသာနဲ့ ဖတ်ရှုနိုင်တဲ့အထိ ဘာသာပြန်လုပ်ငန်းကို သွက်လက်ထက်မြက်စွာ လုပ်ကိုင်နိုင်နေကြတာဖြစ်ပါတယ်။ ကမ္ဘာ့အသိကို ကိုယ့်လူမျိုးစာပေထဲ ကမ္ဘာနဲ့တစ်ပြိုင်တည်း ထည့်သွင်းပေးနေနိုင်တဲ့သဘောပါ။ ကျွန်တော်တို့လည်းပဲ အလားတူဆောင်ရွက်နိုင်ဖို့ ရည်မှန်းချက်ထားရှိ လုပ်ကိုင်လျက်ရှိပါတယ်။ ဒါက အင်္ဂလိပ်က မြန်မာသို့ ပြန်ဆိုရေးပါ။ နောက်တစ်ခုကတော့ ကျွန်တော်တို့ စာပေလက်ရာများကို ကမ္ဘာကသိဖို့၊ ကျွန်တော်တို့တိုင်းပြည်အကြောင်း၊ ကျွန်တော်တို့ အရေးကိစ္စများ၊ ကျွန်တော်တို့ အယူအဆ၊ ကျွန်တော်တို့အမြင်ကို ကမ္ဘာကသိအောင်ဘာသာပြန်ဆိုတင်ပြဖို့အလုပ်ပါ။ ကျွန်တော်တို့ဟာ ကိုယ့်အကြောင်း၊ ကိုယ့်ရပ်တည်ချက်ကို သူတစ်ပါးသိအောင် ပွင့်လင်းပီပြင်စွာ မပြောဆိုနိုင်ရင် နေရာတကာမှာ ဘယ်လောက်တစ်ပန်းရှုံးနေမယ်ဆိုတာ အားလုံးအသိပါ။ ဒါကို ဘာသာပြန်လုပ်ငန်း အနေနဲ့ပြောရင် မြန်မာဘာသာက အင်္ဂလိပ်ဘာသာကို ပြန်ဆိုတဲ့အလုပ်ပါ။ ကျွန်တော်တို့ တိုင်းပြည်မှာ အင်္ဂလိပ်က မြန်မာသို့ ဘာသာပြန်ဆိုနိုင်တဲ့လူတွေရှိပေမယ်လို့ မြန်မာမှအင်္ဂလိပ်သို့ ပြန်ဆိုနိုင်သူ အင်မတန်နည်းပါးပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံတကာနှင့် တိုးတက်ဆက်ဆံလာတာနှင့်အမျှ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ နှုတ်အားဖြင့် ပြန်ဆိုတတ်တဲ့စကားပြန်တွေ၊ စာအားဖြင့်ပြန်ဆို တတ်တဲ့စကားပြန်ဆရာတွေ တိုးတက်လိုအပ်လာမှာဖြစ်ပါတယ်။ ဒီ့အတွက် သင်တန်းတွေဖွင့်လှစ်ဖို့၊ တက္ကသိုလ်၊ ကောလိပ်များမှာဆိုရင် ဘာသာပြန်ပညာရပ်ကို ဘွဲ့ကြိုသာမက ဘွဲ့လွန်များအထိ သင်ကြားပို့ချဖို့ ဒါတွေလိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပြုလုပ်မယ့် ဘာသာပြန်စာပေဆွေးနွေးပွဲ မှာ ဒီအကြောင်းအရာကို အကျယ်ဆွေးနွေးပြီး လုပ်ဆောင်နိုင်မယ့်နည်းလမ်း၊ အကြံပြုချက်တွေ ဒီဆွေးနွေးပွဲက ပြည့်ပြည့်စုံစုံရရှိလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။

စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက တခြားစာပေအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းစီစဉ်လျက်ရှိတဲ့ တတိယစာပေပွဲတစ်ခုကတော့ တိုင်းရင်းသားလူမျိုးစု စာပေများ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်နှင့်ကျင်းပမယ့် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲနှင့် စာအုပ်ဈေးပွဲ

တော်ပါ။ ဒါကို ၂၀၁၇ ခုနှစ် စောစောပိုင်းမှာ ကျင်းပနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။ ဒါတွေက ဘာသာပြန်စာပေအပါအဝင် စာပေဖွံ့ဖြိုးရေး၊ စာအုပ်လုပ်ငန်းတိုးတက်ရေးအစီအစဉ်တွေပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာအုပ်ထုတ်ဝေဖြန့်ချိသူများကို အထောက်အကူပြုနိုင်ဖို့အတွက် တခြားဆောင်ရွက်ထားမှုများလည်း ရှိပါသေးတယ်။ တစ်ခုက ရန်ကုန်မြို့လယ်က စာပေဗိမာန် အဆောက်အဦအောက်ထက်မှာရှိတဲ့ စာအုပ်ဆိုင်ကို နောက်ဘက်တစ်ဆက်တစ်စပ်တည်းရှိတဲ့ အခန်းများထိ တိုးချဲ့ပြီး စာအုပ်စာတမ်းများစုံလင်စွာ ခင်းကျင်းပြသနိုင်မယ့် စာအုပ်ဆိုင်ကြီးတစ်ဆိုင် ဖြစ်အောင်ပြောင်းလဲမြှင့်တင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စာအုပ်ဝါသနာပါသူများအတွက် စိတ်အေး၊ လက်အေး ရွေးချယ်မြည်းစမ်းပြီးမှ နှစ်သက်ရာကိုဝယ်ယူနိုင်အောင်လည်း ခင်းကျင်းစီစဉ်ပေးမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာများမှာ စာအုပ်ထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းပေးတဲ့ အသစ်ထွက်ရှိသော စာအုပ်စာတမ်းများ စာရင်းနှင့် စာအုပ်စင်ကဏ္ဍတို့ကိုလည်း စာမျက်နှာနေရာပေးပြီးဖော်ပြနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် စာအုပ်စာပေဟာ အများပြည်သူအသိပညာဖွံ့ဖြိုးရေး၊ တိုင်းပြည်တိုးတက်ရေးကို အထောက် အကူပြုတဲ့အရာများဖြစ်တဲ့အတွက် ၎င်းတို့လွယ်ကူစွာပြန့်ပွားနိုင်ရေးကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ အားပေးထောက်ကူတဲ့အနေနဲ့ စာတိုက်ဌာနအပါအဝင် အစိုးရပို့ဆောင်ရေး လုပ်ငန်းများက အဖိုးနှုန်းချိုသာစွာနှင့် သယ်ယူပို့ဆောင်ပေးရေး၊ ပြီးတဲ့နောက် စာအုပ်စာတမ်းများနှင့် ပတ်သက်လို့ ဖွံ့ဖြိုးတဲ့နိုင်ငံတကာများနည်းတူ ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ပြုရေးတို့ကို စာအုပ် လုပ်ငန်းရှင်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ဆက်သွယ်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးဖို့ ကိုလည်း စီစဉ်လျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများလာရောက်ဖြေကြားပေးတဲ့ ပြန်ကြားရေးဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဆောမြို့နယ်၊ ကျောက်ထုမြို့ဒေသတွင်းရှိ စိုက်ပျိုးရန် အားထားရသည့် ယောမြောင်းကြီးသည် ၂၀၁၅ ခုနှစ်၊ မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး ချည်ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့်မြောင်း ပေါင်များကို သစ်တုံး၊ လင်းတုံး၊ မိုးကာများဖြင့် ခက်ခဲစွာ ရေသွယ်စိုက်ပျိုးနေရပါသဖြင့် မြောင်း ပေါင်းများ ရေရှည်ခိုင်ခံ့စေရန် နိုင်ငံတော်မှ အမြန်ဆုံးပြန်လည်တည်ဆောက်ပေးပါရန်နှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ပျက်စီးနေတဲ့ ယောင်း မြောင်းကြီး မြောင်းပေါင်များအား ရေရှည်ခိုင်ခံ့အောင် အမြန်ဆုံးပြန်လည်ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ မည်သည့်အချိန်မှာ ပြုပြင်ပေးနိုင်မယ်ဆိုတာကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ မကွေးတိုင်း ဒေသကြီး၊ ဆောမြို့နယ်၊ ကျောက်ထုမြို့ဒေသအတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၁၇ ရွာ၊ လယ်ဧကပေါင်း ၁၂၀၀ ဧကခန့်ကို မိုးရာသီမှာ စပါးနဲ့ ဆောင်းရာသီမှာ မြေပဲ၊ ကြက်သွန်၊ နေကြာတို့ စိုက်ပျိုးရန် အားထားရတဲ့ ယောမြောင်းကြီးဟာ ၂၀၁၅ ခုနှစ်မှာ မိုးကြီးသည်းထန်စွာရွာသွန်းပြီး ချီချောင်းရေတိုက် စားမှုကြောင့် တောင့်ထက်ကျေးရွာ ဘုန်းကြီးကျောင်းတောင်ဘက် မြောင်းပေါင် ပေ ၄၀၀ နဲ့ ရေလွှဲတံခါး ၁၅ ပေ ပျက်စီးခဲ့ပါတယ်။ ထို့အပြင် ပြင်လယ်ကျေးရွာတောင်ဘက် မြောင်းပေါင် ပေ ၅၀၊ အလျား ၂၅၅ ပေ၊ အမြင့် ၂၀ ပေ ပျက်စီးခဲ့ပါတယ်။ ပျက်စီးသွားတဲ့မြောင်းပေါင်များကို သစ်တုံး၊ လင်းတုံး၊ မိုးကာများဖြင့် ခက်ခဲစွာ ရေသွယ်စိုက်ပျိုးနေရပါတယ်။ မြောင်းပေါင်များ ရေရှည်ခိုင်ခန့်စေ ရန် လယ်သမားများ၏ ငွေကြေးအင်အားဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် နိုင်ငံတော်မှအမြန်ဆုံး ပြန်လည်တည်ဆောက် ပေးပါရန်နှင့် ပြန်လည်တည်ဆောက်ခြင်းရှိ/မရှိ၊ မည်သည့်အချိန်မှာ ပြုပြင်ပေး နိုင်မည်ဖြစ်ကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာနအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။ ။** လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ယနေ့ ပြည်သူ့လွှတ်တော်မှာ မေးမြန်းထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မေးခွန်းများအတွက် ဖြေကြားဖို့ ကျွန်တော် ဒေါက်တာထွန်းဝင်း (ဒုတိယဝန်ကြီး)ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးမေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရဲ့ ချီချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားတဲ့ ကျွန်တော်တို့ ယောမြောင်းကြီး မြောင်းပေါင်များကို နိုင်ငံတော်မှ အမြန်တည်ဆောက်ပေးပါရန်နှင့် ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်ပြီးတော့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ကျောက်ထုမြို့၊ တောင့်ထက်ကျေးရွာအနီးရှိ ယောမြောင်းကြီးသည် အလျား ၉ မိုင်ခန့်ရှည်လျားပြီးတော့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်မရှိဘဲ ဒေသမှတည်ဆောက်ထိန်းသိမ်းထားသည့် ရေပေးမြောင်းတစ်ခုဖြစ်ကာ ကျေးရွာ ၁၇ ရွာမှ လယ်ယာမြေ ၈၉၀ ဧကခန့်အား မိုးစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရေပေးဝေခြင်းဖြင့် အကျိုးပြုလျက်ရှိပါသည်။ တောင့်ထက်ကျေးရွာအနီး ချီချောင်းပေါ်တွင် ယာယီကျောက်ဖြင့် ရေလွှဲဆည်တစ်ခုတည်ဆောက်ပြီးတော့ ချီချောင်းမှရေကို လွှဲယူပြီး ချီချောင်းနှင့်အပြင် ယောမြောင်းကြီးကိုတည်ဆောက်ထားပြီးတော့ ယောမြောင်းကြီးထိပ်မှာ (၇ ပေ x ၅ ပေ)အရွယ်အစားရှိ မြောင်းထပ်ရေတံခါးနှစ်ပေါက် တည်ဆောက်တပ်ဆင်ကာ ရေကိုလိုအပ်သလို ထိန်းညှိပေးဝေလျက်ရှိပါတယ်။

၂၀၁၅ ခုနှစ်၊ မိုးရာသီမှာ မိုးသည်းထန်စွာရွာသွန်းပြီးတော့ ချီချောင်းရေတိုက်စားမှုကြောင့် မြောင်းထိပ်ရေတံခါးနှစ်ပေါက် ထိခိုက်ပျက်စီးခြင်း၊ ယောမြောင်းကြီး၏ မြောင်းပေါင်နှစ်ဘက် တစ်လျှောက် ၆၅၀ ပေခန့် ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် မြောင်းထိန်းရေတံခါးနှစ်ပေါက်အား ဒေသနေတောင်သူလယ်သမားများမှ ပြန်လည်ပြုပြင်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိသော ထိခိုက်ပျက်စီးနေသည့်မြောင်းပေါင်များကို ပြန်လည်ပြုပြင်ပေးနိုင်ရန် လိုအပ်လျက်ရှိပြီးတော့ လက်ရှိမှာ တောင်သူများမှ သစ်၊ ဝါး၊ မိုးကာများအသုံးပြုပြီးတော့ ယာယီပြုပြင်ကာ ရေရယူလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ယောမြောင်းကြီး၏မြောင်းပေါင်များ ရေရှည်ကြံ့ခိုင်ပြီးတော့ တည်တံ့စေရေးအတွက် မြေသားတာပေါင်များ မြေဖို့ပြုပြင်ခြင်း၊ မြေပေါင်တစ်လျှောက် ရေတိုက်စားပျက်စီးမှုမှ ကာကွယ်ရန်

ကွန်ကရစ်မြေကာနံရံများ တည်ဆောက်ခြင်းစသည်ဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသနေတောင်သူများပါဝင်သော မြောင်းကော်မတီအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းပြီးတော့ ကွင်းဆင်းတိုင်းတာတွက်ချက်ကာ လိုအပ်ရန်ပုံငွေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရရန်ပုံငွေမှာ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာ အခြေခံပြီးတော့ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဝေါနှင့် သနပ်ပင်မြို့နယ်ရှိ ပဲခူး-စစ်တောင်းတူးမြောင်း တာပေါင်လမ်းအား ပြုပြင်ထိန်းသိမ်းပေးရန်၊ အဆင့်မြှင့်တင်ပေးရန်နှင့် ရေထိုးရေတိုက်စားသည့်နေရာများတွင် ကျောက်စီနံရံများ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ပဲခူး-စစ်တောင်းတူးမြောင်း တာပေါင်လမ်းပြုပြင်ရေးနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူး-စစ်တောင်းတူးမြောင်းကို သနပ်ပင်မြို့နယ် ရေတံခါးတာဝကျေးရွာ၊ ပဲခူးမြစ်ကနေပြီးတော့ ဝေါမြို့နယ် မြစ်ကျိုးကျေးရွာ စစ်တောင်းမြစ်ကို ဖြတ်ပြီးတော့ ဖောက်ထားတာဖြစ်ပါတယ်။ ၃၇ မိုင်နဲ့ ၇ ဖာလုံရှည်လျားပါတယ်။ ဗြိတိသျှအစိုးရက ၁၈၇၈ ခုနှစ်မှာ ရိုးမက ကျွန်းသစ်တွေကို ရန်ကုန်ဆိပ်ကမ်းကို ဖောင်ဖွဲ့ပြီးသယ်ယူဖို့အတွက်ကို ဖောက်လုပ်ထားခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီတာလမ်းကြီးဟာ အင်မတန်မှ အကျိုးရှိပါတယ်။ ရေတံခါးတွေလည်းပါတဲ့အတွက် စိုက်ပျိုးရေးအတွက်ရော၊ ရေကြီးရေလျှံမှုအတွက်ရော၊ ကုန်းလမ်း၊ ရေလမ်းသယ်ယူပို့ဆောင်ရေးအတွက်ပါ အကျိုးရှိခဲ့ပါတယ်။ ပြည်သူလူထုဟာ ကျွန်တော်တို့ နှစ်မြို့နယ်မှာတော့ တူးမြောင်းကြီးကို အခြေခံပြီးတော့ အသက်သွေးကြောသဖွယ် အကျိုးပြုခဲ့တာဖြစ်ပါတယ်။ ဒီတူးမြောင်းကြီးကို နှစ်ပေါင်း ၁၃၀ ကျော်ကြာတဲ့အထိ ပြုပြင်မွမ်းမံမှုတွေမရှိတဲ့အခါကျတော့၊ အပိုင်းပိုင်းကျိုးပျက်ပြီးတော့ ပေါက်ကျိုးခဲ့တာတွေရှိခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်က ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ မေးခွန်းမေးခဲ့ပါတယ်။

အဲဒီမေးခွန်းမေးတာနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်ကိုဖြေကြားခဲ့တာကတော့ ဆောင်ရွက်ပေးမယ်လို့ ဖြေကြားခဲ့တာရှိပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်မှာ ၂၅ ဘီလီယံကျပ်အကုန်အကျခံပြီးတော့ စက်ယန္တရားတွေ ၃၇၇ စီးနဲ့ ပြုပြင်ပေးခဲ့ပါတယ်။ ပြုပြင်တဲ့အခါမှာ နွေရာသီစိုက်ပျိုးရေသုံးစွဲတဲ့ကာလလည်းဖြစ်တယ်။ ကျွန်တော်တို့က မိုးမကျမီကို ပြီးအောင်လုပ်ရမှာဖြစ်တဲ့အတွက် ဝန်ထမ်းတွေက ဘယ်လောက်ပဲစေတနာထားပြီးတော့ နေ့ညမအားဆောင်ရွက်သော်လည်း အားနည်းချက်တွေအများကြီးရှိခဲ့ပါတယ်။ ပြုပြင်ပေးတဲ့အခါမှာတော့ အခုမြင်ရတဲ့အတိုင်းပဲ အင်မတန်မှကောင်းမွန်တဲ့၊ အကျိုးရှိတဲ့အနေအထားကို ဖြစ်ခဲ့ပါတယ်။ စစ်တောင်းမြစ်ကို အဲဒီလို တာပုံစံကျအောင် ပြန်ပြီးတော့တူးပေးတယ်။ ဆက်စပ်မြောင်းတွေကိုလည်း တူးပေးတဲ့အတွက် ဝေါနဲ့သနပ်ပင်အပြင်ကို ပဲခူးအပါအဝင် ဆက်စပ်တဲ့မြို့နယ်တွေအားလုံးအတွက် အင်မတန်မှအကျိုးရှိခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ကျန်းမာရေး၊ ပညာရေးတွေအတွက်ကို အလွန်ပဲပြည်သူလူထုအတွက် အကျိုးရှိခဲ့ပါတယ်။ ရန်ကုန် မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးကိုလည်း ဒီကပဲရေပေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူတွေက အင်မတန်ပဲကျေးဇူးတင်ပြီးတော့ ဝမ်းမြောက်ခဲ့ကြပါတယ်။

သို့သော်လည်း ကျွန်တော်တို့ အဲဒီလို ငွေကုန်ကြေးကျတွေအများကြီးခံပြီးတော့၊ ပြုပြင်ပြီးတော့ မွမ်းမံပေးခဲ့သော်လည်း အခုအခါမှာ အတော်ကိုပျက်စီးနေတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်စောစောပိုင်းကသွားကြည့်တဲ့အခါမှာ ကားမောင်းလို့ရပါသေးတယ်။ နောက်ပိုင်းမှာဆိုလို့ရှိရင်တော့ ဒီသနပ်ပင်မြို့နယ်ရဲ့အပိုင်းမှာဆိုလို့ရှိရင် ခုနတုန်းက ပြုပြင်ပေးထားခဲ့တဲ့လမ်းနဲ့ ယှဉ်ကြည့်လိုက်ရင် တကယ့်ကို စိတ်မချမ်းသာစရာရှိအောင် ပျက်စီးနေတာတွေ့ရပါတယ်။ ဒါဟာ ပြုပြင်မွမ်းမံမှုတွေ၊ ထိန်းသိမ်းမှုတွေ မရှိခဲ့လို့ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့က အဆင့်မြှင့်တင်တူးဖော်ပေးမယ်ဆိုလို့ရှိရင် ငွေကုန်ကြေးကျမတတ်နိုင်ဘူးဆိုလို့ရှိရင်လည်း ကျွန်တော်တို့က ဘတ်ဂျက်ကိုခွဲဝေပြီးတော့ ပြုပြင်မွမ်းမံမှုတွေလုပ်ပေးစေချင်ပါတယ်။ အဆင့်မြှင့်တင်မှုတွေလည်း လုပ်ပေးစေချင်ပါတယ်။ အဲဒီလို အဆင့်မြှင့်တင်မှုတွေလုပ်တဲ့အခါမှာ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် လုပ်ပေးမယ်ဆိုလို့ရှိရင် ရေရှည်အတွက် အင်မတန်မှအသုံးဝင်ပြီးတော့ အကျိုးပြုမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ရေတိုက်စားတယ်၊ ရေထိုးတဲ့နေရာတွေမှာလည်း ကျောက်စီနံရံတွေအဖြစ် လုပ်ပေးဖို့၊ တည်ဆောက်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နှင့် သနပ်ပင်မြို့နယ်ရှိ ပဲခူး-စစ်တောင်းတူးမြောင်း တာပေါင်လမ်းအား ပြုပြင်

ထိန်းသိမ်းပေးရန်၊ အဆင့်မြှင့်တင်ပေးရန်နှင့် ရေထိုး၊ ရေတိုက်စားသည့်နေရာများတွင် ကျောက်စီနံရံများ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ပဲခူး-စစ်တောင်းတူးမြောင်းတာပေါင်များပြင်ဆင်ဖို့နဲ့ မြောင်းပေါင်နံရံများပြင်ဆင်ဖို့ မေးမြန်းထားတဲ့ကိစ္စနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ပဲခူး-စစ်တောင်းတူးမြောင်းတာပေါင်လမ်းရှိ လမ်း၏လက်ရှိအခြေအနေမှာ သနပ်ပင်မြို့နယ်အပိုင်းတွင် ဆိုးရွားစွာပျက်စီး၍ ဝေါမြို့နယ်အပိုင်းတွင် အနည်းငယ်ပျက်စီးလျက်ရှိပြီးတော့ ကွန်ကရစ်လမ်းအဖြစ် မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၆၂၀၂ သန်းကုန်ကျမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ပေါင်းစပ်ဖြေကြားထားပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တစ်တိုင်းလုံးခွင့်ပြုငွေကျပ် ၁၂၉၃.၇၀၄ သန်းဖြင့် လျာထားပါတယ်။ လူကြီးမင်းရဲ့ သနပ်ပင်မြို့နယ်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ တစ်မြို့နယ်လုံးအတွက် ဘတ်ဂျက်လျာထားငွေမှာ ၂၀၁၆-၂၀၁၇ အတွက် ရန်ပုံငွေကျပ် ၄၄၂.၀၄ သန်းသာ လျာထားပါတယ်။ ပဲခူး-စစ်တောင်းတာပေါင်မှာ ၃၅ မိုင်ပြုပြင်ဖို့အတွက်က ခန့်မှန်းကုန်ကျစရိတ် ၆၂၀၂ သန်းဆိုတော့ တော်တော်လေးကို ကွာခြားမှုရှိပါတယ်။ ဒီတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူး-စစ်တောင်း တူးမြောင်းတာပေါင်လမ်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဦးစားပေး

လျာထားတင်ပြမှုအပေါ်မှာမူတည်ပြီးတော့ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယက တူးမြောင်းနံရံပြင်ဆင်ဖို့နဲ့ပတ်သက်တဲ့ မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပဲခူး-စစ်တောင်းတူးမြောင်းအား ၁၈၇၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီးတော့ အလျား ၃၇ မိုင် ၇ ဖာလုံရှိပါသည်။ ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းအား ၂၀၁၃-၂၀၁၄ ခုနှစ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တို့တွင် ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ ဝေါ၊ သနပ်ပင်၊ ပဲခူးနှင့် ကဝမြို့နယ်များအတွင်း မိုးရာသီရေကြီးနစ်မြုပ်မှုမှာ လျော့နည်းသက်သာသွားခြင်း၊ နွေစပါးစိုက်ပျိုးရေပိုမိုရရှိလာခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်ထုတ်လမ်းဆက်သွယ်ရေး ကောင်းမွန်လာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် အလွန်အကျိုးများလျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေခဲ့ပါသည်။

သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်အတွင်း ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းမှာ ကျောက်စီခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရေထိုးရေတိုက်စားသည့်နေရာများတွင် ကျောက်စီနံရံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်တဲ့ ပဲခူး-စစ်တောင်းတူးမြောင်း တာမိုင်(၁၄၀/၀)မိုင်၊ အလျား ၁၀၀၀ ပေ၊ ကျောက်ကြီးစီခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၀၀၊ တာမိုင်(၁၀/၀)အနီး အလျား ၁၀၀၀ ပေ၊ ကျောက်ကြီးစီခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၉၅ သန်းနှင့် ကျိုက်ပဒိုင်ရေလွှဲပေါက်အနီး အလျား ၁၀၀၀ ပေ၊ ကျောက်ကြီးစီခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၉၇.၉ သန်းကုန်ကျမည်ဖြစ်ပြီး စုစုပေါင်း အလျား ၃၀၀၀ ပေအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၉၂.၉ သန်းကုန်ကျမည်ဖြစ်ပါသည် ။ အဆိုပါလုပ်ငန်းများအတွက် ကုန်ကျငွေများအား ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ထည့်သွင်းတောင်းခံထားခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ဝန်ကြီးက ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် အင်မတန်မှ ကျေးဇူးတင်ပါ

တယ်။ သို့သော်လည်း ကျွန်တော်တို့ ပဲခူး-စစ်တောင်းတူးမြောင်းကြီးကို ပြန်ပြီးပြုပြင်ခဲ့တာဟာ ၂၅ ဘီလီယံကျော်ကုန်ကျပါတယ်။ အဲဒီလိုကုန်ကျပြီးတော့မှ အဲဒီထိန်းသိမ်းစရိတ်တွေ မပေးတဲ့အခါကျတော့ လုံးဝဒီတိုင်းပျက်စီးနေတာကို လျစ်လျူရှုနေရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါက ဝန်ကြီးလည်း ခုနတုန်းက Power Point ကပြတာတွေကို မြင်ပြီးဖြစ်မှာပါ။ ဒီတိုင်းပဲ အခုလို မရှိသေးလို့ ပြင်ဆင်ထိန်းသိမ်းစရိတ်တွေမပေးဘူးဆိုလို့ရှိရင်၊ အရင်လိုပဲ ကျိုးပေါက်ပျက်စီးသွားရင် ၂၅ ဘီလီယံတိုင်းပြည်က ထပ်ပြီးကုန်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလမ်းတစ်ခုဖောက်ထားပြီးပြီ။ တံတားတစ်ခုဆောက်ထားပြီးပြီဆိုလို့ရှိရင် ပြန်ပြီးတော့ ထိန်းသိမ်းစရိတ်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီတော့ ပြုပြင်ထိန်းသိမ်းစရိတ်ကိုတော့ ၂၀၁၆-၂၀၁၇ မှာ အပါအဝင်ပေါ့။ ပေးဖို့အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးက ဖြေပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ မေးမြန်းတဲ့မေးခွန်းကို ပြန်လည်ပြီးတော့ ကျွန်တော့်ရဲ့ သက်ဆိုင်ရာတာဝန်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံများနဲ့ ပြန်လည်ညှိနှိုင်းပြီးတော့ တူးမြောင်း၊ တာလမ်းပြုပြင်ဖို့ထပ်ဆောင်းပြီးတော့ ရန်ပုံငွေချထားမှုရှိ/မရှိဆိုတာ ကျွန်တော်ခုနက ပြောသလို ကုန်ကျစရိတ်က ၆၂၀၂ သန်းဆိုတော့ ကျွန်တော်တို့ မြို့နယ်အတွက်က လျာထားတာမှ ၄၄၂ သန်းဆိုတော့ တော်တော် ကို ဒီဥစ္စာတော်တော်ကို Demand နဲ့ Supply နဲ့မမျှမတဖြစ်နေပါတယ်။ ဒီဥစ္စာက လိုအပ်ချက်တော့ မှန်သည်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်တဲ့အတွက် ကိုယ့်လိုအပ်ချက်နဲ့ နိုင်ငံတော်ရဲ့ပံ့ပိုးမှုနဲ့ အတိုင်းအတာတစ်ခုမှာတော့ ထည့်သွင်းစဉ်းစားပေးဖို့ အလွန်ကောင်းပါသည်။ ကျွန်တော်တို့က ထပ်ပြီးတော့ ဒါကို ရ/မရပြန်ပြီးတော့ စိစစ်ပေးပြီးတော့၊ ပြန်ပြီးတော့ အကြောင်းပြန် ပေးပါမယ်။ သို့သော် ကျွန်တော့်ရဲ့ Power Point မှာ မြင်ရတဲ့မြင်ကွင်းကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောပြတဲ့လမ်းတွေဟာ ကျွန်တော်တို့ ကျောက်လမ်း၊ ဂဝံလမ်းသာရှိတဲ့ မြေလမ်းတောင်မဟုတ်သေးဘူး။ ဒီကောင်းတဲ့ဂဝံလမ်းကို ထိန်းသိမ်းပြုပြင်မှုမှာ ကျွန်တော်တို့က ဒီလူထုအနေအထားမှာကြည့်ရမယ်ဆိုရင် အစိုးရပေါ်မှာကြီးပဲ အားလုံးက ဒီလက်တင်မောင်းတဲ့စနစ်နဲ့ ခင်းပြီးသားလမ်းလေးကို လျှောက်ဖို့လောက်ပဲ၊ မောင်းဖို့လောက်ပဲစဉ်းစားပါတယ်။ သို့သော် ဒီမှာ ရေတွေ၊ ဗွက်တွေအိုင်ပြီးတော့ ဖောက်ချမယ့်နေရာမှာ ရေမဖောက်ချတဲ့အတွက် ရေအိုင်ပြီးတော့ ဒီနေရာမှာ ပျက်စီးသွားတယ်။ တစ်လမ်းလုံးလည်း ပျက်တာကျွန်တော်မတွေ့ဘူး။ လမ်း အကန့်အပိုင်း

တွေမှာ ဒီလမ်းနဲ့ပတ်သက်တဲ့ တာဝန်ရှိလူတွေရှိကောင်းရှိပါမယ်။ ကျေးရွာကလူတွေရှိမယ်။ ကျွန်တော်တို့ ဌာနကလူတွေရှိမယ်။ ရပ်ကွက်ကလူတွေရှိမယ်။ ဒီလူတွေနဲ့ အသိစိတ်နဲ့ ပြန်လည်ပြီးတော့ ဥစ္စာရင်လိုဥစ္စာရင်ခံနဲ့ ကိုယ့်ပါဝင်ပြုပြင်ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင်လည်း ဒီဥစ္စာက အဆင်ပြေနိုင်မယ့်သဘောတရား ရှိပါတယ်။ သိပ်ပြီးတော့ ကြီးကြီးမားမားမတွေ့ပါဘူး။ ရေတွေအိုင်နေတဲ့အတွက်၊ အိုင်တဲ့ဟာကို ဖောက်မချတဲ့အတွက် ဒါတွေက ပိုပြီးတော့။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထားပဲပြောပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးထပ်ဆင့်မေးမြန်းတဲ့မေးခွန်း အတွက်ကို ကျွန်တော်ပြန်ပြီးတော့ တိုင်ပင်ပြီးတော့ ပြန်လည်အကြောင်းကြားပေးပါမယ်။

**ကျောက်တော်မြို့နယ်အတွင်းရှိ တိမ်ကောလာသည့် ချောင်းတက်ငယ်များအား ပြန်လည်တူးဖော်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့ ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ ချောင်းတက်ကလေးတွေနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။ ဒီမေးခွန်းကိုမမေးခင်မှာ ကျွန်တော် ကျောက်တော်မြို့နယ်နှင့် ပတ်သက်ပြီး တော့ အနည်းငယ်ရှင်းပြလိုပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ဟာ ဧရိယာစတုန်းရန်းမိုင် ပေါင်း ၆၀၀ ကျော်ကျယ်ဝန်းပါတယ်။ လူဦးရေ ၂ သိန်းကျော်နေထိုင်ပါတယ်။ ကျောက်တော်မြို့နယ်မှာ အဓိကအားဖြင့် ကုလားတန်လို့ခေါ်တဲ့ ကစ္ဆပနဒီမြစ်ရယ်၊ ပီချောင်း၊ ရိုးချောင်း၊ ယွန်းချောင်း၊ သရီချောင်းဆိုပြီးတော့ မြစ်တွေ၊ ချောင်းတွေ အပေါ်မှာ အဓိကအားဖြင့် ကျေးရွာတော်တော်များများဟာ နေထိုင်ကြတာများပါတယ်။ အဲဒီချောင်းတွေကတစ်ဆင့် ကျွန်တော်တို့ ကျောက်တော်မြို့နယ်အနှံ့မှာ သွေးကြောကလေးတွေလို ဖြန့်ကျက်ပြီးတော့ စီးဆင်းနေတဲ့ ချောင်းတက်ကလေးတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ဟာ အဓိက Agriculture Slide ကိုပဲအားထားနေရတဲ့ မြို့တစ်မြို့ဖြစ်တဲ့အတွက် အဲဒီချောင်းတွေကို အမှီပြုပြီးတော့ လုပ်ကိုင်စားသောက်နေကြရတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ ပြီးတော့

လမ်းပန်းဆက်သွယ်ရေးကလည်း အလွန်တစ်ရာကြမ်းတမ်းခက်ခဲတဲ့မြို့ဖြစ်တဲ့အတွက် တစ်ရွာနှင့်တစ်ရွာ၊ တစ်ဒေသနှင့်တစ်ဒေသ ကျွန်တော်တို့ ကူးလူးဆက်ဆံရောင်းဝယ်ဖောက်ကားတဲ့အခါမှာ အဲဒီမြစ်ချောင်းတွေကိုပဲ အားကိုးအားထားပြုနေရတာဖြစ်ပါတယ်။ ပြီးတော့ နွေ၊ မိုး၊ ဆောင်း ရာသီသီးနှံတွေကိုလည်းပဲ အဲဒီမြစ်ရေတွေကို အကြောင်းပြုပြီးတော့မှ စိုက်ပျိုးနေကြရတာဖြစ်ပါတယ်။ အခုနောက်ပိုင်းနှစ်တွေမှာ တစ်နှစ်ထက်တစ်နှစ် အဲဒီချောင်းတက်ကလေးတွေ ကောလာတဲ့အတွက် စောစောကပြောတဲ့ စိုက်ပျိုးစားသောက်တဲ့အနေအထားတွေ အခက်အခဲဖြစ်လာတယ်။ မွေးမြူရေးလုပ်ငန်းတွေထိခိုက်လာတယ်။ ပြီးတော့ တစ်နေရာနှင့်တစ်နေရာကူးလူးဆက်ဆံတဲ့အခါမှာ၊ သွားလာတဲ့အခါမှာ အခက်အခဲတွေအများကြီးကြုံတွေ့နေရတာ ကျွန်တော်တို့တွေ့ရပါတယ်။ ကျွန်တော်တို့နယ်ကိုဆင်းတဲ့အခါမှာလည်း ဒီကိစ္စတွေကို ကျွန်တော်တို့ကျေးလက်ပြည်သူတွေက အဓိကထားပြီးတော့ တင်ပြဆွေးနွေးကြပါတယ်။ ပြီးတော့ အဆိုးဆုံးအခြေအနေတစ်ခုက ကျွန်တော် ပြီးခဲ့တဲ့တနင်္လာနေ့ကဆွေးနွေးတဲ့အထဲမှာလည်းပါပါတယ်။ ကျွန်တော်တို့ကျောက်တော်မြို့နယ်မှာ အဓိကရေကြီးရေလျှံဖြစ်စေတဲ့ အခြေခံအကြောင်းတရားတွေ မြေပြင်အခြေအနေမှာရှိနေပါတယ်ဆိုတာ ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။ အဲဒီထဲမှာ ဒီချောင်းတက်ကလေးတွေ ကောလာတဲ့ အနေအထားဟာလည်းပဲ အဓိကရေကြီးရေလျှံဖြစ်စေမှုကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတစ်ခု ဖြစ်ပါတယ်။ မိုးရေချိန်လက်မ တစ်လမှာ ၄၀၊ ၅၀ ရွာတဲ့ ကျောက်တော်မြို့နယ်အနှံ့မှာ ဖြန့်ကျက်နေတဲ့ ဒီမိုးရေတွေကို လွတ်လွတ်လပ်လပ်စီးဆင်းနိုင်မယ့်အခြေအနေတွေမရှိတဲ့အခါကျတော့ တစ်နှစ်မှာ မိုးရေချိန်များရင်များသလို၊ မိုးအကြိမ်ရေများရင်များသလို ကျောက်တော်မြို့နယ်အနှံ့မှာ ရေကြီးရေလျှံဖြစ်ပြီးတော့ လယ်မြေစိုက်ပျိုးရေးတွေလည်း အများကြီးဆုံးရှုံးနစ်နာနေတာတွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျောက်တော်မြို့နယ်ရဲ့ အဓိကအမှီပြုပြီးတော့ လုပ်ကိုင်စားသောက်နေကြတဲ့ ချောင်းတက်ကလေးတွေဖြစ်တဲ့ သရီချောင်းတို့၊ ပေါက်လေဂေါ်ရောမဏီချောင်း၊ ဖွဲ့တက်ချောင်း၊ တောင်ပေါက်ချောင်း၊ ဇလိမ့်တောင်နှင့် တောင်မူဇီကြားချောင်း၊ ကွင်းအိုချောင်း ဆိုပြီးတော့ အဲဒီချောင်းတက်ကလေးတွေကို ပြန်လည်တူးဖော်ပေးဖို့ အစီအစဉ်တွေနဲ့ပတ်သက်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ မြန်မာနိုင်ငံအနှံ့မှာ ရေပေးဝေရေးလုပ်ငန်း တွေအတွက် ဘီလီယံပေါင်းများစွာအကုန်အကျခံပြီးတော့ ဆည်ကြီးတွေဆောက်နေတဲ့အချိန် ကျွန်တော်တို့ မြစ်ရေတင်စီမံကိန်းတွေအတွက် စက်ယန္တရားကြီးတွေအသုံးချပြီးတော့ နိုင်ငံ့ဘတ်ဂျက် ဘီလီယံပေါင်းများစွာကို အသုံးပြုနေရတဲ့အချိန်မှာ ကျွန်တော်တို့ ဒေသခံတွေအတွက် သဘာဝကပေး ထားတဲ့

အမှန်တကယ်လည်းပဲ ဒေသကိုအကျိုးပြုနေတဲ့ ဒီချောင်းတက်ကလေးတွေကို ကျွန်တော်တို့ တူးဖော်လိုက်ခြင်းအားဖြင့် သဘာဝအရင်းအမြစ်တွေကိုလည်းပဲ ကာကွယ်စောင့်ရှောက်ရာလည်း ရောက်မယ်။ ဒေသခံတွေရဲ့အကျိုးတွေကိုလည်းပဲ ကူညီရာရောက်မယ်။ ရေဘေးဒုက္ခဖြစ်လာတဲ့ အခါမှာ နိုင်ငံတော်ကသုံးစွဲရတဲ့ ကူညီကယ်ဆယ်ရေးဘတ်ဂျက်ငွေတွေလည်းပဲ အများကြီးသက်သာမှာ ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဒီချောင်းတက်ကလေးတွေကို တူးဖော်ဖို့အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းကို တလေးတစားနဲ့မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုလေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော တတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းရဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ ကစ္ဆပနဒီမြစ်(ကုလားတန်မြစ်)အတွင်းသို့ စီးဝင်လျက်ရှိတဲ့ ချောင်းငယ်ရှစ်ခုရဲ့ တိမ်ကောနေတာကို ပြန်တူးဖို့နဲ့ ချောင်းကောက်တစ်ခုကို ပြန်လည်ဖြောင့်သွားအောင်ဆောင်ရွက်ပေးဖို့ရှိ/မရှိနဲ့ပတ်သက်တဲ့ မေးခွန်းဖြေကြားရမယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ချောင်းများအနက် လက်တက်ငယ်ပေါင်းများစွာ ဖြတ်သန်းစီးဆင်းလျက်ရှိပြီးတော့ ကစ္ဆပနဒီမြစ်(ကုလားတန်မြစ်) အတွင်း သို့စီးဝင်လျက်ရှိပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက် ထိန်းသိမ်းထားသော ကျောက်တော်မြို့နယ်အတွင်းရှိသည့် ပြိုင်းချောင်းဆည်ရေသောက်ဧရိယာ အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ပြိုင်းချောင်း ၄.၅ မိုင်၊ ပီကောက်ချောင်း ၇.၅ မိုင်နှင့် ၎င်းချောင်းအတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းများဖြစ်သည့် ငါးသရွေးချောင်း ၃.၅ မိုင်၊ ပေါက်တောချောင်း ၃.၅ မိုင်၊ ပင်ဖိုင်းချောင်း ၂ မိုင်၊ တောင်ထောင်ချောင်း ၁.၅ မိုင်၊ ရွှေမောင်ချောင်း ၃ မိုင်၊ မတင်ချောင်း ၄.၅ မိုင် ဟူ၍ ချောင်းနှင့် ချောင်းလက်တက်များ ရှစ်ခုရှိပါသည်။

အဆိုပါချောင်းတွေနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် အဆိုပါချောင်းများအနက် အဓိကချောင်းမကြီးဖြစ်သော ပီကောက်ချောင်း ၇.၅ မိုင်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ရေးဦးစီးဌာနမှ တူးဖော်ဆောင်ရွက်ပေးခဲ့ပြီးတော့ ကျန်ချောင်း လက်တက်ခုနစ်ခုအား ဆက်လက်တူးဖော်ရန် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရ

ရန်ပုံငွေမှ ငွေကျပ် ၂၄၈.၂၉၃ သန်း ခွဲဝေရရှိပြီးဖြစ်၍ မိုးအကုန်မှာ ပွင့်လင်းရာသီမှာဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ နောက်တစ်ပိုင်းက ကျေးရွာအချင်းချင်း ရေကြောင်းဖြင့် ဆက်သွယ်သွားလာနိုင်ရေးအတွက် ကျောက်တော်မြို့နယ်၊ အုန်းပတီကျေးရွာအုပ်စု၊ တူးမြောင်းရွာအနီးမှာရှိတဲ့ တူးမြောင်းချောင်း အလျား ၁၀၀၀၀ ပေ တူးဖော်ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

ဆက်လက်ပြီးတော့ သရီချောင်းကောက်ကို အကောက်ကို ပြန်ပြီးတော့ဖြောင့်အောင် တူးဖော်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ သရီချောင်းသည် ချောင်းရိုးကွေ့ကောက်မှုလွန်စွာများပြားပြီးတော့ ရေနုတ်နိုင်မှုအားနည်းလျက်ရှိသဖြင့် တူးဖော်ရန်လိုအပ်လျက်ရှိပါသည်။ သရီချောင်းတူးဖော်ရာမှာ ချောင်းရိုးကွေ့ကောက်လွန်းသောအပိုင်းများအား ချောင်းဖြောင့်၍ တူးဖော်ရမည်ဖြစ်သဖြင့် ချောင်းရိုးတူးဖော်မည့်ဧရိယာနှင့် မလွတ်ကင်းသောလယ်မြေနှင့် သီးနှံများအတွက် သက်ဆိုင်ရာဒေသခံလယ်သမားများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများမှ စိစစ်သုံးသပ်ပြီးတော့ ထောက်ခံခြင်း စသည်တို့ဆောင်ရွက်ပြီးမှသာ လိုအပ်သည့်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းအားဆောင်ရွက်၍ လိုအပ်ရန်ပုံငွေတင်ပြတောင်းခံပြီးတော့ ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ မိုးရာသီ၌ ရေကြီးနစ်မြုပ်ခြင်းမှလျော့ပါးသက်သာစေရန်နှင့် ဒေသတွင်း ရေလမ်းသွားလာရေးလွယ်ကူချောမွေ့စေရန် နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရန်တို့အတွက် ပီကောက်ချောင်း၏လက်တက်ချောင်းခုနစ်ခုအား ယခုမိုးရာသီအကုန် ပွင့်လင်းရာသီတွင် အမြန်ပြီးဆုံးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူပေါင်းစပ် ရှင်းလင်းဖြေကြားအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကျိုက္ကဆံချောင်းနှင့် သံသုမာလမ်းဖြတ်ရေမြောင်းသည် အကွေ့အကောက်များသောကြောင့် ရေလျှံမှုများဖြစ်ပေါ်နေမှုအပေါ် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ဂါရဝပြု နှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့ဟာ မိုးနဲနဲရွာတာနဲ့ ရေများများလျှံသော မြို့ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကင်းမြို့နယ်မှ ရေတွေ၊ သဃ်န်းကျွန်းမြို့နယ်ကရေတွေဟာ ကျိုက္ကဆံချောင်းထဲမှတစ်ဆင့် တောင်ဥက္ကလာပမြို့ထဲကို စီးဝင်ပါတယ်။ အဲဒီကျိုက္ကဆံချောင်းငယ်ဟာ အဆုံးမှာငမိုးရိပ်ချောင်းထဲကို စီးဝင်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ ကျိုက္ကဆံချောင်းငယ်ရဲ့ ရေစီးကြောင်းပုံဖြစ်ပါတယ်။ အဲဒီပုံမှာတွေ့ရတဲ့အတိုင်း ငမိုးရိပ်ချောင်းထဲဝင်ခါနီး သံသုမာကားလမ်းမကြီးကို ဖြတ်တဲ့အခါ သံသုမာလမ်းမကြီးကို ဖောက်ထားတဲ့ Culvert ကို ဖြတ်ရပြီး ၉၀ ဒီဂရီနီးပါးကောက်သွားတဲ့အတွက် ရေစီးကြောင်းထဲက အမှိုက်များကိုလည်း စစ်သလိုဖြစ်သွားပါတယ်။ ဒီပုံကတော့ အမှိုက်တွေနဲ့ပိတ်နေတဲ့ အနေအထားဖြစ်ပါတယ်။ တောင်ဥက္ကလာပမြို့နယ် ရေကြီးတဲ့အကြောင်းအရင်းတွေထဲမှာ မြို့နယ်သုံးခုမှ စီးဆင်းနေတဲ့ရေတွေဟာ အဝမှာပိတ်နေသလို ဖြစ်နေတာကို တင်ပြတာဖြစ်ပါတယ်။ အဲဒီအကွေ့မှာပဲ တံတားနှစ်စင်းဟာ ပိတ်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အခုတော့ စည်ပင်ဝန်ထမ်းတွေကလည်း အမှိုက်တွေကို ရှင်းထားပြီးပါပြီ။ အပေါ်ယံပဲ ရှင်းလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တံတားနှစ်စင်းဟာ ပိတ်ထားတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ပုံမှာပြထားတဲ့အတိုင်း FBBF က တခြားနေရာတွေမှာဝင်လို့ရပေမယ့် အဲဒီ နေရာမှာ ဝင်လို့မရဘူးဆိုတဲ့အနေအထားကို ဖော်ပြတာဖြစ်ပါတယ်။ အဲဒီအကွေ့နေရာမှာရှိတဲ့ ချောင်းကြမ်းပြင် (Bed Level) လူအင်အားနဲ့လည်း နိမ့်ချလို့မရတဲ့အတွက်ကြောင့် ရေစီးကြောင်းဟာ အဲဒီနေရာမှာ နှေးသွားပါတယ်။ ဒါကြောင့်မို့လို့ အမှိုက်တွေ ကိုရှင်းလည်း မကြာခင်ပြန်ပြည့်လာမှာ ဖြစ်ပါတယ်။ ဒီပုံကတော့ ကျိုက္ကဆံချောင်းဟာ သံသုမာလမ်းမကြီးကို ဖြတ်ရမည့်လမ်းကြောင်း အမှန် ဖြစ်ပါတယ်။ အဲဒီလို လမ်းကြောင်းအမှန်မှ Culvert ကို ဖောက်လုပ်ပေးပါလို့ ကျွန်တော်က တင်ပြ ပါတယ်။ ပြီးတော့ ဆောင်ရွက်ပေးဖို့လည်း မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

မူကြမ်း

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုဖောက်ဖို့ဆိုရင် ဘဏ္ဍာငွေလည်း လိုမှာဖြစ်ပါတယ်။ အဲဒီငွေတွေဟာလည်း အခုပုံမှာပြထားတဲ့အတိုင်း Culvert လမ်းကြောင်းအမှန်ဖြစ်သွားရင် မြေကွက်တွေအများကြီးထွက်လာမှာဖြစ်ပါတယ်။ ပြီးတော့ လမ်းကြောင်းအမှန်ဖောက်ဖို့အတွက် အိမ်ကွက်တွေနဲ့လည်းလွတ်ဖို့လိုပါတယ်။ အခုပုံမှာမြင်နေရတဲ့အတိုင်း လမ်းကြောင်းအမှန်နဲ့ အိမ်တွေလွတ်တယ်ဆိုတာကိုတင်ပြတာ ဖြစ်ပါတယ်။ ဒီပုံကတော့ အိမ်ကွက်တွေရဲ့အနေအထားကို တင်ပြတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တောင်ဥက္ကလာပမြို့နယ် အပါအဝင် မြို့နယ်သုံးခု၏ ရေများကို သယ်ဆောင်နေတဲ့ ကျိုက္ကဆံချောင်းငယ်၏ ရေစီးချောင်းအမှန်ကို ဖောက်လုပ်ပေးနိုင်ပါရန်နှင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ စတုတ္ထမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ ရှိရင်တော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားထားသည်မှာ တောင်ဥက္ကလာပမြို့နယ်၊ ကျိုက္ကဆံချောင်းနှင့် သံသုမာလမ်းအား ဖြတ်သန်းသည့်ချောင်းကူးတံတားအောက်၌ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ ရေပိုက်လိုင်းနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်းများရှိပါသည်။ ရေပိုက်လိုင်းအား ထောက်ခံထားသည့် ထောက်တိုင်များတွင် ရေစီးဖြင့်ရေမျောလာသည့် အမှိုက်များတွယ်ငြိကပ်ပြီး ပိတ်ဆို့မှုဖြစ်ကာ ရေစီးရေလာကို အနှောင့်အယှက်ဖြစ်စေခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ပိတ်ဆို့မှုကိုလည်း စည်ဆက်မပြတ် ရှင်းလင်းပေးလျက် ရှိပါတယ်။ ကျိုက္ကဆံချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် တံတားအောက်ရှိ ရေပိုက်လိုင်းထောက်တိုင်များအား ဖယ်ရှားရှင်းလင်းခြင်း၊ ပိုက်လိုင်းအားမြှင့်တင်ပေးခြင်း၊ ဓာတ်ငွေ့ပိုက်လိုင်းအားမြှင့်တင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါမည်။

လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတဲ့နေရာမှာ သံသုမာကားလမ်းကို ဖြတ်ပြီးတော့ ရေမြောင်း အသစ်ဖောက်လုပ်ပြီး မူလကျိုက္ကဆံချောင်းကို ဆက်သွယ်မည်ဆိုပါက ဖြတ်သန်းဖောက်လုပ်မည့် လမ်းကြောင်းပေါ်မှာ ဒေါ်စန်းစန်းဝင်း(ခေါ်) ဒေါ်စန်းဝင်းပိုင် မြေတိုင်းရပ်ကွက် အမှတ်(၁၄-စီမံကိန်း-၂) မြေကွက်အမှတ်(၁/အေ) ဒေါ်မြင့်မြင့်စိုးပိုင်မြေကွက်အမှတ်(၁/ဘီ)၊ ဒေါ်လှိုင်ဆွေဝင်းပိုင် မြေကွက်အမှတ်(၁)တို့ကို ဖြတ်သန်းဖောက်လုပ်ရမည်ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်မြေကွက်များကို ဖြတ်သန်းဖောက်လုပ်ရမည့်အပြင် သံသုမာလမ်းမပေါ်ကြီးမှာလည်း ပေ ၁၀၀ နှင့် အရှည် ၅၀ ပေခန့် လမ်းကူးတံတားတစ်စင်း တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသဖြင့် လောလောဆယ်အားဖြင့် အစီအစဉ်မရှိသေးပါဟု ဖြေကြားထားပါကြောင်း တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မိုက်ပေးပါ။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ လိုချင်တာကတော့ အမှိုက်တွေကိုရှင်းဖို့ရန် ဆောင်ရွက်ပေးချင်တာမဟုတ်ပါဘူး။ ဒီအမှိုက်တွေစုပုံနေတဲ့ အကြောင်းတရားကို ဆောင်ရွက်ပေးစေချင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ခုနက ဒုတိယဝန်ကြီးအနေနဲ့ အိမ်တွေနဲ့မလွတ်ဘူးလို့ပြောတယ်။ ကျွန်တော်လည်း အောက်ခြေမှာသေသေချာချာလေ့လာပြီးသွားပါပြီ။ ကျေးဇူးပြုပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ Slide လေးနှစ်ချက်လောက်သုံးစွဲခွင့်ပြုပါခင်ဗျား။ ခုနက Slide နံပါတ်(၈)မှာလည်း တင်ပြသွားတယ်။ အိမ်အမှတ်တွေက (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ အစဉ်လိုက် ရေးထားတာတွေ့ပါတယ်။ အခုဒီဟာတွေက မြေကွက်အလွတ်ပဲရှိပါသေးတယ်။ အိမ်တွေလုံးဝမဆောက်ရသေးပါဘူး။ အိမ်တွေမဆောက်ရသေးတဲ့အတွက် ခုနက ခုလက်ရှိရှိနေတာ ချောင်းရဲ့ညာဘက်မှာရှိပါတယ်။ ဒီလမ်းကြောင်းအမှန်ဖောက်ပြီး သွားလို့ရှိရင်လည်း ချောင်းရဲ့ဘယ်ဘက်မှာ ခုနက မြေကွက်အလွတ်တွေပြထားပါတယ်။ အဲဒီလို လွတ်သွားတဲ့အတွက် အိမ်တွေလည်း မရှိဘူးဆိုတဲ့အတွက်ကြောင့်မို့လို့ ဒါဟာ ဒီမြေကွက်တွေဟာ နောက်မှအထူးဂရန်။ အခု သူ့မှာဂရန်လည်း မရှိသေးပါဘူး။ အထူးပါမစ်နဲ့ သက်သက်ချပေးထားတာ ဖြစ်တဲ့အတွက် ဒုတိယဝန်ကြီးတို့အနေနဲ့ အသေအချာ ပြန်လည်သုံးသပ်ဖို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်။ ဒါကြောင့်မို့လို့ ရေစီးကြောင်းအမှန်ကို ဖောက်လုပ်ပေးဖို့အတွက်လည်း အလေးအနက် ပြန်လည်စဉ်းစားပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆက်စပ်ပြီးတော့၊ ပေါင်းစပ်ပြီးတော့၊ ညှိနှိုင်းပြီးတော့ အကောင်းဆုံးအနေအထားကို ပြန်လည်ပြီးတော့ သုံးသပ်လုပ်ရမှာဖြစ်တဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လောလောဆယ်တော့ ဖြေကြားနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကိစ္စကို သုံးဦးသုံးဖလှယ် ပြည်ထောင်စုဝန်ကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတို့နဲ့ ပေါင်းစပ်ပြီးတော့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားပါမယ်။ ကျေးဇူးတင်ပါတယ်။

**ပုဏ္ဏားကျွန်းမြို့နယ် ကင်းချောင်းတစ်ဖက်ကမ်းရှိ ဦးရာဇ်တော်ခတ်စေတီတော်မြတ်ကြီးအား ဆက်သွယ်ထားသော သစ်သားကြိုးတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စာလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပုဏ္ဏားကျွန်းမြို့နှင့် ကင်းချောင်းတစ်ဖက်ကမ်းရှိ ဦးရာဇ်တော်ခတ်စေတီတော်မြတ်ကြီးကို ဆက်သွယ်ထားတဲ့ သစ်သားကြိုးတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးပါမလဲ။ မရှိပါက မည်သည့်အတွက်ကြောင့်လဲဆိုတာကို သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပုဏ္ဏားကျွန်းမြို့နှင့် ဦးရာဇ်တော်ခတ်စေတီတော်မြတ်ကြီး ကြိုးတံတားတို့ကို ကောင်းကင်ကမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ဘုရားခန်းကနေပြီးတော့ ကြိုးတံတားနှင့် ပုဏ္ဏားကျွန်းမြို့ကို မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပုဏ္ဏားကျွန်းမြို့၊ ဦးရာဇ်တော်ခတ်စေတီတော်မြတ်ကြီး ဘုရားပွဲတော် ရခိုင်ရိုးရာ လှေပြိုင်ပွဲ ကျင်းပနေတဲ့ပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းဟာ ပထမအကြိမ်က အမျိုးသားလွှတ်တော်မှာ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်အမတ် ဦးခင်မောင်လတ်က မေးခွန်းမေးခဲ့တဲ့အခါမှာ သမ္မတရုံး ဝန်ကြီးဌာနက ဒုတိယဝန်ကြီးဦးသန့်ရှင်းက ကွန်ကရစ်တံတားတည်ဆောက်ပေးဖို့ ပြည်နယ် ဖွံ့ဖြိုးရေး စီမံကိန်းမှာ ဦးစားပေးအစီအစဉ်အတိုင်း ဘတ်ဂျက်ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားခဲ့တဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဏ္ဏားကျွန်းမြို့ဆိုတာ စစ်တွေမြို့မှ ရေလမ်း ၁၆ မိုင်၊ ကားလမ်း မိုင် ၂၀ သာဝေးတဲ့ ပြည်ထောင်စုကားလမ်းပေါ်ကမြို့ ဖြစ်ပါတယ်။ မြို့ရဲ့ တောင်ဘက်မှာ ကင်းချောင်းရှိပါတယ်။ ချောင်းတစ်ဖက်မှာ ရခိုင်ပြည်နယ်ရဲ့ ဉာဏ်တော်အကြီးဆုံးနဲ့ အထွတ်အမြတ် စေတီအဖြစ် ထင်ရှားတဲ့ ဦးရာဇ်တော်ခာတ်စေတီတော်မြတ်ကြီး ရှိပါတယ်။ ပုဏ္ဏားကျွန်း စက်မှုဇုန်လည်းရှိပါတယ်။ ရွာပေါင်း ၁၄ ရွာရဲ့ ရွာချင်းဆက်လမ်းတံတားလည်း ဖြစ်ပါ တယ်။ နောက်ပြီးတော့ နိုင်ငံတော်အကြီးအကဲတွေ၊ ကမ္ဘာလှည့်ခရီးသည်တွေ၊ တိုင်းနှင့်ပြည်နယ် အသီးသီးက ဘုရားဖူး ပြည်သူတွေ မြို့သူမြို့သားများဟာ အဲဒီကြိုးတံတားကို ဖြတ်ကျော်ပြီးတော့မှ ဘုရားဖူး ရပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးအတွက် အမြဲသွားလာနေကြရ ပါတယ်။ အလျားပေ ၃၅၀ သာရှိတဲ့ အဲဒီကြိုးတံတားဟာ ၂၅ နှစ်ခန့် ကြာမြင့်ပြီဖြစ်လို့ ဟောင်းနွမ်းပြီး အန္တရာယ်ရှိနိုင်တဲ့အခြေအနေကို ရောက်ရှိနေပါပြီ။ နှစ်စဉ်ကျင်းပနေတဲ့ ဘုရားပွဲတော်ကာလမှာ ဖြစ်ဖြစ် တစ်ချိန်ချိန်မှာ ကြိုးတံတားပြိုကျပြီး လူအများရဲ့အသက်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။ အဲဒီ တံတားဟာ စက်ဘီးနဲ့ဆိုင်ကယ်တွေသွားလို့မရပါဘူး။ လူသွားရင်တောင် ဟိုဘက်ဒီဘက်အရမ်း လှုပ်ခါနေပါတယ်။ သို့ဖြစ်ပါ၍ လူအများရဲ့အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိနေတဲ့ ၎င်းကြိုးတံတားအစား ကွန်ကရစ်တံတားအဖြစ် အမြန်ဆုံးတည်ဆောက်ပေးသင့်ပါကြောင်း တင်ပြရင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပဉ္စမမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားမယ်ဆိုလို့ရှိရင် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကင်းချောင်းတစ်ဘက်ကမ်းရှိ ဦးရာဇ်တော်ခာတ်စေတီတော်မြတ်အား ဆက်သွယ်ထားသော

သစ်သားကြိုးတံတားသည် ၁၉၉၄ ခုနှစ်မှစတင်ပြီးတော့ ၁၉၉၆ ခုနှစ်အထိ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၃.၈ သန်းဖြင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့သော တံတားတစ်စင်းဖြစ်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၅.ဝ သန်းဖြင့် ကစ္စဝတီကြိုင် ကုမ္ပဏီမှ မွမ်းမံဆောင်ရွက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သော်လည်း ဘုရားဖူးနှင့် သာမန်ခရီးသွား များအတွက်သာ အဆင်ပြေပြီးတော့ ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ နှစ်ဘီးဆိုင်ကယ် များသွားလာ၍ မရနိုင်ပါကြောင်းနှင့် ပုဏ္ဏားကျွန်းမြို့နယ်တောင်ဘက်ပိုင်းတွင် ကျေးရွာ ၁၆ ရွာ၊ လူဦးရေ ၁၂၇၂၆ ဦးရှိပြီး ၎င်းကျေးရွာများသို့ ၁၈ ပေအကျယ် ကျေးရွာဆက်လမ်း ဖောက်လုပ်ထားပြီး ဖြစ်သော်လည်း ၎င်းလမ်းပေါ်တွင် တည်ရှိသော ကြိုးတံတားပေါ်မှယာဉ်များဖြတ်သန်း၍မရပါသဖြင့် မြို့နှင့်ကျေးလက်သယ်ယူပို့ဆောင်ရေး အခက်အခဲရှိပါသောကြောင့် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် လိုအပ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တင်ပြထားပါသည်။

ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကင်းချောင်းတစ်ဖက်ကမ်းရှိ ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်အား ဆက်သွယ်ထားသော သစ်သားကြိုးတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပြီးစီးပါက ကျေးလက်နေပြည်သူများအတွက် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည့် အပြင် စက်မှုဇုန်ဖြစ်ပေါ်လာပါက ဒေသ၏ကုန်ထုတ်လမ်းအဖြစ် အသုံးပြုလာနိုင်မည်ဖြစ်ပါတယ်။ ကွန်ကရစ်တံတားတည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအား ကွင်းဆင်းစိစစ်စေပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရန်ပုံငွေမှာ လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုငွေ ရရှိမှုအပေါ်မူတည်ပြီးတော့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ၌ ပါဝင်ခြင်းမရှိသဖြင့် လောလောဆယ်တွင် ကွန်ကရစ်တံတား တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ရှင်းလင်းဖြေကြားထားပါ တယ်။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ရခိုင်ပြည်နယ်တစ်ခုလုံး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လမ်းတံတားများအတွက် ခွင့်ပြုငွေကျပ် ၄၁၄၂.၈၉၂ သန်းဖြင့် လျာထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပုဏ္ဏားကျွန်းမြို့နယ် အတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေးဦးစီးဌာနရဲ့ တစ်မြို့နယ်လုံးအတွက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုငွေရန်ပုံငွေကျပ် ၁၃၂ သန်းဖြင့် လျာထားပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားသော ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကင်းချောင်းတစ်ဘက် ကမ်းရှိ ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်အား ဆက်သွယ်ထားသော ကြိုးတံတားအား သံကူ ကွန်ကရစ်

တံတားအဖြစ် တည်ဆောက်ပါက အရှည် ၃၀၀ ပေအထက် တံတားကြီးဖြစ်ပါသဖြင့် အသေးစိတ် ကွင်းဆင်းပြီးတော့ Soil Test ပြုလုပ်ပြီးတော့ နည်းပညာကျွမ်းကျင်သည့် အင်ဂျင်နီယာများမှ Structure Design တွက်ချက်ရေးဆွဲရန် လိုအပ်မည် ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့်တံတား တည်ဆောက်ရန်အတွက် တံတားအထူးအဖွဲ့နှင့် အထောက်အကူပြုပစ္စည်းများမရှိပါသော ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် လတ်တလော ဆောင်ရွက် ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရွှေတောင်မြို့နယ်အတွင်းရှိ ဝါးတောသာ၊ အင်ငူ၊ ပေါင်းချုပ်၊ ကြိုးကြာကန်လမ်းမှ (၇ မိုင် ၂ ဖာလုံ)လမ်း နှင့် ကညမ်း၊ ဆိတ်ကြီး၊ ကျွဲတလင်း၊ ဖောင်းဖြူ၊ ကျွဲသေအပိုင်းရှိ (၆ မိုင် ၅ ဖာလုံ)လမ်းအား ကျောက်ချော လမ်းအဖြစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး ဖြစ်ပါတယ်။ ကျွန်မမေးလိုသော မေးခွန်းကတော့ ရွှေတောင် မြို့နယ်အတွင်းရှိ ဝါးတောသာ၊ အင်ငူ၊ ပေါင်းချုပ်၊ ကြိုးကြာကန်လမ်းမှာ ၁၀ မိုင် ၂ ဖာလုံရှည်ပြီး ကျောက်ချောလမ်းအဖြစ် ၃ မိုင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်ရှိနေသော ၇ မိုင် ၂ ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ၊ နောက်တစ်ဆက်တည်းဖြစ်သော ကညမ်း၊ ဆိတ်ကြီး၊ ကျွဲတလင်း၊ ဖောင်းဖြူ၊ ကျွဲသေအပိုင်းမှာ ၁၀ မိုင်ရှည်ပြီး ၃ မိုင် ၅ ဖာလုံမှာ ကျောက်ချော လမ်းခင်းပြီးဖြစ်ပါတယ်။ ကျန် ၆ မိုင် ၅ ဖာလုံအား ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ခြင်းရှိ/မရှိ။ ထိုဝါးတောသာမှ ကညမ်းအထိလမ်းမှာ အချင်း ၃ ပေ၊ အရှည် ၂၅ ပေရှည်သော ပြွန်ငါးစင်းမှ ခုနစ် စင်းအထိ လိုမည်ဖြစ်ပြီး ယင်းတို့ကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ထိုလမ်းပိုင်းရှိ ဆိတ်ကြီးရွာမှ ရင်းမူကုန်းအုပ်စု ကုန်းတန်းရွာကို ဆက်သွယ်ထားသောလမ်းမှာ ၁ မိုင် ၆ ဖာလုံရှည်သော မြေသား လမ်းဖြစ်ပြီး ယင်းကို ပြွန်သုံးခုပါရှိသော ကျောက်ချောလမ်းခင်းပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုခြင်းဖြစ်ပါ တယ်။ ထိုလမ်းပိုင်းများမှာ တစ်ဆက်တည်းဖြစ်သွားပြီးတော့ ကျေးရွာအုပ်စု ၁၃ အုပ်စု အသုံးပြုနေရ သောလမ်းဖြစ်ပါတယ်။ ရန်ကုန်-ပြည်လမ်းပေါ်ရှိ ဝါးတောသာကျေးရွာမှအတွင်း ပိုင်းကျေးရွာအုပ်စု

များသို့ ဆက်သွယ်ထားတဲ့လမ်းဖြစ်ပြီးတော့ မိုးညှိုမြို့နယ် လက်ပံကုန်းအုပ်စု ညောင်ပင်ကားရား ကျေးရွာအထိ ပေါက်သွားတဲ့ ခရိုင်ချင်းဆက်လမ်းဖြစ်ပါတယ်။ အတွင်းပိုင်း ကျေးရွာအုပ်စုများမှ မြို့ပေါ်ကိုတက်လာဖို့၊ ရန်ကုန်-ပြည်လမ်းပေါ်ကို တက်လာဖို့ ထိုလမ်းကို အသုံးပြုကြရပါတယ်။ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်နဲ့ ဝါးတောသာ-ကြိုးကြာကန်လမ်းပိုင်းမှာ သဲကြီးကုန်းမှ ထန်းပင်ကုန်းအထိ ၃ မိုင်၊ ကညမ်း-ကျွဲသေလမ်းပိုင်းမှာ ဆိတ်ကြီးမှ ကညမ်းအထိ ၃ မိုင် ၅ ဖာလုံ ကျောက်ချောလမ်း ခင်းထားရာ အပိုင်းပိုင်းဖြစ်နေပြီးတော့ လူသွားလူလာများတဲ့လမ်းပိုင်းမှာ မြေနီလမ်း၊ မြေသားလမ်း များဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ရာသီစုံအသုံးပြုနိုင်သော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိကို ကျေးလက်နေပြည်သူအများရဲ့လိုအပ်ချက်အရ မေးမြန်းပေးခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဆဋ္ဌမမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင် ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ် ဝါးတောသာ-အင်ငူ-ပေါင်းချုပ်-ကြိုးကြာကန်လမ်းသည် အရှည် ၁၀ မိုင် ၂ ဖာလုံ အကျယ် ၁၆ ပေရှိ မြေသားလမ်းဖြစ်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၃ မိုင်ဆောင်ရွက်ပြီးဖြစ်၍ ကျန်လမ်း ၇ မိုင် ၂ ဖာလုံအား ၁၀ ပေအကျယ် ကျောက်ချောလမ်းဆောင်ရွက်ပါက ငွေကျပ် ၅၁၄.၀၈၅ သန်းခန့် ကုန်ကျမည်ဖြစ်ပြီးတော့ ကျေးရွာ ၄၅ ရွာ၊ အိမ်ခြေ ၄၆၅၀၊ လူဦးရေ ၁၅၆၀၀ ဦးတို့အား အကျိုးပြုပါ တယ်။ ဒုတိယလမ်းဖြစ်တဲ့ ရွှေတောင်မြို့နယ် ကညမ်း-ဆိတ်ကြီး-ကျွဲတလင်း-ဖောင်းဖြူ-ကျွဲသေလမ်း သည် အရှည် ၁၀ မိုင်၊ အကျယ် ၁၆ ပေရှိမြေသားလမ်းဖြစ်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၃ မိုင် ၅ ဖာလုံ ဆောင်ရွက်ပြီးဖြစ်သဖြင့် ကျန်လမ်း ၆ မိုင် ၃ ဖာလုံအား ၁၀ ပေအကျယ်ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပါက ငွေကျပ် ၄၅၂.၀၄ သန်းခန့် ကုန်ကျမည်ဖြစ်ပြီးတော့ ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၉၇၂၊ လူဦးရေ ၈၄၈၅ ဦးတို့အား အကျိုးပြုပါသည်။ အဆိုပါလမ်းပေါ်မှာ ရေကျော်နှစ်စင်းအတွက်

ငွေကျပ် ၉၅ သန်း၊ ကွန်ကရစ်တံတားတစ်စင်း ငွေကျပ် ၁၂ သန်းနှင့် စုစုပေါင်းငွေကျပ် ၁၀၇ သန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။

နံပါတ်(၃)လမ်းဖြစ်တဲ့ ရွှေတောင်မြို့နယ် ဝါးတောသာ-ကညမ်းလမ်းမှာ ရေပြွန်ခုနစ်စင်း လိုအပ်မည်ဖြစ်ပြီးတော့ အဆိုပါရေပြွန်ခုနစ်စင်းဆောင်ရွက်ပါက ငွေကျပ် ၁၇.၅ သန်းခန့် ကုန်ကျမည် ဖြစ်ပြီးတော့ ကျေးရွာ ၅၅ ရွာ၊ အိမ်ခြေ ၆၆၂၂၊ လူဦးရေ ၂၄၀၈၅ ဦးတို့အား အကျိုးပြုပါတယ်။ ရွှေတောင်မြို့နယ် ကုန်းတန်း-ဆိတ်ကြီးလမ်းအား အရှည် ၁ မိုင် ၆ ဖာလုံ၊ အကျယ် ၁၆ ပေရှိမြေသား လမ်းဖြစ်ပြီးတော့ ၁၀ ပေအကျယ်ကျောက်ချောလမ်းခင်းရန် ငွေကျပ် ၁၂၄.၀၉ သန်း၊ ရေပြွန်သုံးစင်း ဆောင်ရွက်ရန် ငွေကျပ် ၇.၅ သန်း စုစုပေါင်းငွေကျပ် ၁၃၁.၅ သန်းခန့် ကုန်ကျမည်ဖြစ်ပြီးတော့ ကျေးရွာကိုးရွာ အိမ်ခြေ ၇၉၄ ရှိ လူဦးရေ ၃၁၆၀ ဦးတို့အား အကျိုးပြုပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တစ်တိုင်းလုံး အတွက် ရန်ပုံငွေကျပ် ၁၂၂၉၃.၇၀၄ လျာထားပါတယ်။ ရွှေတောင်မြို့နယ်တစ်ခုလုံးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေခွဲဝေပြုငွေ ကျပ် ၃၆၁.၂၂၄ သန်း လျာထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်း နဲ့ပတ်သက်ပြီးတော့ ရွှေတောင်မြို့နယ်အတွင်းရှိ လမ်းသုံးလမ်းနှင့် ရေပြွန်သုံးစင်းအနက် ကညမ်း၊ ဆိတ်ကြီး၊ ကျွဲတလင်း၊ ဖောင်းဖြူ ကျွဲသေလမ်းပေါ်မှာရှိတဲ့ ရေကျော်နှစ်စင်း၊ ကွန်ကရစ်တံတား တစ်စင်းတို့အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ရန်လျာထားပြီးတော့ ကျန်လုပ်ငန်း တို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိခဲ့ပါ၍ လတ်တလောဆောင်ရွက်ပေးနိုင် ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြချက်များ အပေါ်မှာ မူတည်ပြီးတော့ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စေတုတ္တရာမြို့နယ်၊ အုန်းဝါးကျေးရွာအဝင် ထီးချောင်းအားဖြတ်၍ ဆော-စေတုတ္တရာခရိုင်ချင်းဆက် လမ်းသို့ ရာသီမရွေးသွားလာနိုင်သော တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ ကျွန်တော်တို့ စေတုတ္တရာမြို့နယ်ဟာ မကွေးတိုင်းဒေသကြီးရဲ့အနောက်ဘက် ရခိုင်ရိုးမရဲ့အခြေမှာ တည်ရှိပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ဒေသပါ။ အုန်းဝါးကျေးရွာ ဟာ စေတုတ္တရာမြို့ရဲ့မြောက်ဘက် ၃၆ မိုင်အကွာမှာတည်ရှိပြီး ရိုးသားတဲ့၊ အေးချမ်းတဲ့ ချင်းတိုင်းရင်း သားတွေ မှီတင်းနေထိုင်ကြတဲ့ဒေသပါ။ အဘက်ဘက်က ဖွံ့ဖြိုးမှုနိမ့်ကျပြီးတော့ လွန်ခဲ့တဲ့နှစ်နှစ်ခန့် အထိ မိုင် ၄၀ လောက်ဝေးတဲ့ စေတုတ္တရာမြို့ကို စက်ဘီးစီးလို့ရတဲ့လမ်းတောင်မှ မရှိဘဲနဲ့ ခြေကျင်ခရီး သာသွားရောက်ကြရတဲ့ဒေသလည်း ဖြစ်ပါတယ်ခင်ဗျား။ အုန်းဝါးကျေးရွာမှာ ကျန်းမာရေးမှူးမရှိတာ တစ်နှစ်ကျော်ပြီဖြစ်တဲ့ ကျေးလက်ကျန်းမာရေးဌာနနှင့် အထက်တန်းကျောင်းခွဲရှိပါတယ်။ အနီး ပတ်ဝန်းကျင် နန်ကြူ ပေါင်ညောင်၊ တွယ်လျင်၊ ကျောက်အုတ်၊ ကံဇင်းအစရှိတဲ့ ရွာပေါင်း ၁၉ ရွာမှ ချင်းတိုင်းရင်းသားတွေဟာ အဲဒီအုန်းဝါးကျေးရွာကို အမှီပြုပြီးတော့ နေထိုင်ကြရပါတယ်။ ၎င်းကျေးရွာ များမှ အုန်းဝါးကျေးရွာကို လာရောက်ဖို့အတွက် ရေစီးသန်တဲ့ထီးချောင်းကို ဖြတ်ကူးပြီး တော့ကျမှ သွားလာကြရပါတယ်။ ကျောင်းသားကျောင်းသူကလေးငယ်လေးတွေဟာ ကျောင်းတက်မယ်ဆိုရင် အဲဒီရေစီးသန်တဲ့ ထီးချောင်းကို နေ့စဉ်ပဲ ခဲယဉ်းစွာဖြတ်ကူးပြီးတော့ ကျောင်းတက်ကြရသလို ဆေးခန်း ပြသလိုတဲ့ လူနာများဟာလည်း ထီးချောင်းကို ခဲယဉ်းစွာကူးဖြတ်ပြီးတော့ကျမှ အုန်းဝါးကျေးရွာကို လာရောက်ကြရပါတယ်။ မိုးများပြီးတော့ ထီးချောင်းရေကြီးတဲ့အချိန်များမှာ ကျောင်းသားကျောင်းသူ ကလေးငယ်များ၊ လူနာများဟာ လုံးဝမကူးနိုင်တော့ဘဲနဲ့ အခက်အခဲများ ကြုံတွေ့နေရပြီးတော့ နှစ်ပေါင်းများစွာ အသက်အန္တရာယ်တွေပါ ဆုံးရှုံးရတဲ့ဖြစ်ရပ်တွေ များစွာရှိခဲ့ပါတယ်။ ဒါကြောင့် ရာသီ မရွေးသွားလာနိုင်တဲ့ ကွန်ကရစ်တံတား သို့မဟုတ် ကြိုးတံတားတစ်စင်းကို တည်ဆောက်ပေးဖို့ အထူးလိုအပ်လျက်ရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် အုန်းဝါး ကျေးရွာအဝင်ထီးချောင်းအားဖြတ်၍ ပတ်ဝန်းကျင်ကျေးရွာများနဲ့ ဆော၊ စေတုတ္တရာ၊ ငဖဲ၊ ခရိုင်ချင်း ဆက်လမ်းသို့ ရာသီမရွေးသွားလာနိုင်သော တံတားတစ်စင်း တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ နဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကိုသိလိုပါ၍ ဒေသခံချင်းတိုင်းရင်းသား

မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**
။ ။ ကျွန်တော်တို့ သတ္တမမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်အတွင်းရှိ စေတုတ္တရာ-ဆော ခရိုင်ချင်းဆက်လမ်းမှ အုန်းဝါးကျေးရွာသို့ဆက်သွယ်သောလမ်းသည် အရှည် ၅ ဖာလုံရှိပြီးတော့ အဆိုပါလမ်းပေါ်မှာ ထီးချောင်းတည်ရှိပါတယ်။ ထီးချောင်းရဲ့အကျယ်ဟာ ၂၀၀ ပေခန့်ရှိသဖြင့် ၂၈၀x၆x၂၀ ပေ ကြိုးတံတားတည်ဆောက်ရန်လိုအပ်ပြီးတော့ ကြိုးတံတားတည်ဆောက်ပါက ငွေကျပ် ၁၁၂ သန်းခန့်ကုန်ကျမည်ဖြစ်၍ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၉၅၅ ရှိ လူဦးရေ ၄၄၆၄ ဦးတို့အား အကျိုးပြုပါသည်။ မကွေးတိုင်းဒေသကြီးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လမ်းတံတားများအတွက် ရန်ပုံငွေကျပ် ၉၅၁၆.၂၀၅ သန်းလျာထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ စေတုတ္တရာမြို့နယ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လမ်း၊ တံတားများအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၃၂၆.၃၁၇ သန်းလျာထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် စေတုတ္တရာမြို့နယ်အတွင်းရှိ အုန်းဝါးကျေးရွာအဝန်း ထီးချောင်းတံတား တည်ဆောက်ခြင်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိခဲ့ပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ်မှာမူတည်ပြီးတော့ လျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြေပြင်အမှန်မွေးမြူတိရစ္ဆာန်ကောင်ရေစာရင်းမှာ စီမံချက်ချပြီး ကွင်းဆင်းကောက်ယူထားသော စာရင်းဖြစ်ပါသလား၊ ထိုသို့မဟုတ်ပါက တိရစ္ဆာန်ကောင်ရေစာရင်းမှန်များကို စီမံချက်ချမှတ်၍ ထပ်မံကောက်ယူရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ မွေးမြူရေးနှင့် ပတ်သက်သော တိရစ္ဆာန်ကောင်ရေစာရင်းကို သိရှိလိုခြင်းအတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သား/ငါးကဏ္ဍမှာ အသား၊ နို့နဲ့ ဥထုတ်လုပ်မှုဆိုင်ရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး အချက်အလက်များ အမှန်တွက်ချက်ရယူနိုင်ရန်အတွက် ၁၉၉၂-၁၉၉၃ ခုနှစ်က မြေပြင်အမှန်မွေးမြူရေးတိရစ္ဆာန်ကောင်ရေများကို ဝန်ကြီးဌာနက စီမံချက်ချလျက် ကွင်းဆင်းဆောင်ရွက်ခဲ့ဖူးတယ်လို့ သိရှိရပါတယ်။ သို့သော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ Myanmar Livestock Statistic (၂၀၁၄)ပါ အချက်အလက်များအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖော်ပြ ထားပါသော တိရစ္ဆာန်မွေးမြူထားရှိမှု ကောင်ရေစာရင်းများသည် ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာနှစ် ကိန်းဂဏန်းများကို စတင်အခြေခံလျက် နှစ်အလိုက်တိုးတက်မွေးမြူနိုင်မှု အခြေအနေများအား တွက်ချက်တင်ပြထားသည်ကို တွေ့ရှိရပါတယ်။ ထိုနည်းတူ ပြည်တွင်းအသားတင်ထုတ်လုပ်မှုဖြစ်သော အသား၊ နို့နဲ့ ဥထုတ်လုပ်မှုအချက်အလက်များအပါအဝင် ပြည်ပသို့ Normal Trade, Border Trade အလိုက်တင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိနိုင်ခဲ့သော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့နိုင်မှုအချက်အလက်များမှာလည်း ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်ကိန်းဂဏန်းများကိုသာ အခြေခံလျက် နှစ်အလိုက်တိုးတက်ထုတ်လုပ်နိုင်မှုကို၊ တွက်ချက်ထားတာကို တွေ့ရှိရပါတယ်။ ဥပမာ-နွားမွေးမြူထားရှိမှုအခြေအနေမှာ ၂၀၀၇-၂၀၀၈ ခုနှစ်မှာဆိုရင် အကောင်ရေသိန်းပေါင်း ၁၂၆.၃၂ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှာ အကောင်ရေသိန်းပေါင်း ၁၅၄.၈၁ ဟု ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ထို့အတူ အသားထုတ်လုပ်နိုင်မှုအခြေအနေမှာလည်း ၂၀၀၈-၂၀၀၉ ခုနှစ်မှာ မက်ထရစ်တန်ထောင်ပေါင်း ၁၅၄၆.၈၁ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှာ မက်ထရစ်တန်ထောင်ပေါင်း ၂၄၉၂.၄ ဟုဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဥထုတ်လုပ်နိုင်မှုအခြေအနေ၊ နို့ထုတ်လုပ်နိုင်မှုအခြေအနေများမှာလည်း

၂၀၀၈-၂၀၀၉ ကိန်းဂဏန်းများကို အခြေခံပြီး တွက်ချက်ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ပြည်ပသို့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်မှုအခြေအနေမှာ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရရှိဝင်ငွေ အမေရိကန်ဒေါ်လာသန်းပေါင်း ၅.၄၀၄ ဟု ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါက လည်း ၂၀၀၇-၂၀၀၈ ခုနှစ်ကိန်းဂဏန်းများကို အခြေခံတွက်ချက်ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ နိုင်ငံ အတွက် အရေးပါသော အသား၊ နို့ထုတ်လုပ်နိုင်မှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့နိုင်မှု စသော စီးပွားရေးဆိုင်ရာအချက်အလက်များကို တွက်ချက်ရာမှာ မြေပြင်အမှန်မွေး တိရစ္ဆာန် ကောင်ရေစာရင်းများကို တွက်ချက်မှသာ မှန်ကန်သောကိန်းဂဏန်းများဖြင့် နိုင်ငံဖွံ့ဖြိုး တိုးတက်မှုအမှန်ကို သိရှိကြရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို မေးမြန်းခွင့်ပြုပါခင်ဗျား။ သား/ငါးကဏ္ဍအတွက် တွက်ချက် ရာတွင် အခြေခံအသုံးပြုသော မြေပြင်အမှန်မွေးတိရစ္ဆာန်ကောင်ရေစာရင်းမှာ စီမံချက်ချမှတ်ပြီး ကွင်းဆင်းကောက်ယူထားသော အမှန်ကောင်ရေစာရင်းဖြစ်ပါသလား သို့မဟုတ် အမှန်ကွင်းဆင်း ကောက်ယူခြင်းမပြုတော့ဘဲ ပျမ်းမျှတွက်ချက်ထားသည်ဆိုပါက တိရစ္ဆာန်ကောင်ရေစာရင်းအမှန်များ ကို စီမံချက်ချလျက် ထပ်မံကောက်ယူရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ကာလတွင် မြေပြင်အမှန် မွေး ကောင်ရေစာရင်းများကို ထပ်မံကောက်ယူမည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ နောက်ဆုံးမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ တိရစ္ဆာန်သန်းခေါင် စာရင်းများကောက်ယူရာမှာ အကောင်ဆုံး၊ မြန်မာနိုင်ငံတိရစ္ဆာန်သန်းခေါင်စာရင်း သို့မဟုတ် တိရစ္ဆာန် ကောင်ရေစာရင်းကို ၁၉၈၃-၁၉၈၄ ဘဏ္ဍာနှစ်မတိုင်မီအထိ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တော ဝန်ကြီးဌာန၊ ကြေးတိုင်မြေစာရင်းဌာနမှ ကောက်ယူခဲ့ပါသည်။ ၁၉၈၃-၁၉၈၄ ဘဏ္ဍာရေးနှစ်မှ ၁၉၉၃-၁၉၉၄ ဘဏ္ဍာရေးနှစ်အထိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှ ကောက်ယူခဲ့ပါသည်။ ၁၉၉၃-၁၉၉၄ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ကျေးရွာအုပ်စု၊ ကျေးရွာအလိုက်

တစ်အိမ်ချင်းကောက်ယူသည့်စနစ် Complete Enumeration ဖြင့်ကောက်ယူခဲ့ပြီးတော့ ဗဟိုစာရင်းကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ ၁၉၉၃-၁၉၉၄ ဘဏ္ဍာရေးနှစ်နောက်ပိုင်းမှာ နည်းပညာ၊ ဝန်ထမ်းအင်အားနှင့် ဘဏ္ဍာငွေအကန့်အသတ်ရှိသဖြင့် ဌာန၏ တိရစ္ဆာန်ဆေးကုဝန်ထမ်းများက ကာကွယ်ဆေးထိုးကောင်ရေပေါ်မှာမူတည်ပြီးတော့ မြေပြင်စာရင်းကောက်ယူခဲ့ပါတယ်။ အသားကဏ္ဍဆိုင်ရာထုတ်လုပ်မှုစာရင်းများကို နှစ်စကောင်ရေပေါ်မှာမူတည်ပြီးတော့ တိုးပွားကောင်ရေ၊ သေဆုံးကောင်ရေကို စံနှုန်းများ(Norm)များဖြင့် တိုးတက်မှုနှုန်းတွက်ချက်ရယူပါသည်။ ယခုအခါ စီမံကိန်းစာရင်းနှင့် မြေပြင်လက်ကျန်ကောင်ရေစာရင်းများ ကွာဟမှုရှိလာခဲ့ပါသည်။ ထို့ကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် FAO တို့ပူးပေါင်းဆောင်ရွက်သည့် တိရစ္ဆာန်ကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် ဈေးကွက်မြင့်မားရေးမှတစ်ဆင့် အပူပိုင်းဒေသရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးစီမံကိန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစပြီးတော့ သုံးနှစ်ကာလထိ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ(Livelihoods and Food Security Trust Fund-LIFT Fund)ဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မန္တလေးတိုင်းဒေသကြီးအတွင်း မလှိုင်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးမြို့နယ်များနှင့် မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူနှင့် ရေစကြိုမြို့နယ်တို့မှာ တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူခြင်းကို ရှေ့ဆောင်စီမံကိန်း (Pilot Project)အဖြစ် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒါကြောင့်မို့လို့ တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် လောလောဆယ် မြန်မာနိုင်ငံတိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်သွားရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီးတော့ တိရစ္ဆာန်စာရင်းများကို နှစ်စဉ်ကောက်ယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဒုတိယမေးခွန်းဖြစ်တဲ့ ငါးနဲ့ပတ်သက်တဲ့သန်းခေါင်စာရင်းကောက်ယူရေးနဲ့ပတ်သက်ပြီးတော့ ငါးမွေးမြူရေးကဏ္ဍအနေဖြင့် ငါးဌာနပိုင်စခန်းများ၏ ငါးသားပေါက်ထုတ်လုပ်မှုစာရင်းအား အစီရင်ခံစာအဆင့်ဆင့်တင်ပြခြင်းကို ကောက်ယူပြုစုထားပြီးဖြစ်ပါသည်။ ရေချိုငါးမွေးမြူရေးလုပ်ငန်းအား ပုဂ္ဂလိကကဏ္ဍမှဆောင်ရွက်ကြခြင်းဖြစ်ပြီးတော့ တစ်ဧက ပျမ်းမျှကောင်ရေ ၃၀၀၀ ထည့်သွင်းမွေးမြူကြပါသည်။ ရေချိုငါးမွေးမြူရေးလုပ်ငန်းအများစုမှာ တစ်ဧကလျှင်ပိဿာချိန် ၁၅၀၀ မှ ၃၀၀၀ အထိသာ အမှန်တကယ်ထုတ်လုပ်နိုင်ကြပါသည်။ ငါးမွေးမြူရေးကဏ္ဍမှ ထုတ်လုပ်မှုကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ၏ ငါးကုန်ထွက်စာရင်းကို အဝယ်ဒိုင်

များမှမေးမြန်းပြုစုပြီးတော့ အဆင့်ဆင့်တင်ပြပြုစုထားခြင်း ဖြစ်ပါသည်။ ရေချိုရေငန် မွေးမြူရေး လုပ်ငန်းမှာ ပင်လယ်ဒီရေနှင့်အတူပါရှိလာတဲ့ ပုစွန်သားပေါက်များကို ကန်အတွင်း ထည့်သွင်း မွေးမြူခြင်းစနစ်ဖြင့် ဆောင်ရွက်ကြခြင်းမှာ အများစုဖြစ်ပါသဖြင့် ထည့်သွင်းမွေးမြူရေးကောင်ရေအား အတိအကျသိရှိဖို့ ခက်ခဲပါတယ်။ ပုစွန်မွေးမြူရေးကန်များမှ တစ်ဧကအထွက်နှုန်းသည် မွေးမြူသည့် စနစ်ပေါ်မှာမူတည်ပြီးတော့ ကွဲပြားခြားနားမှုရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ပုစွန်မွေးမြူရေးကန် စုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းမှာ သမားရိုးကျမွေးမြူရေးစနစ် (Trap and Hold System) ဖြင့် မွေးမြူကြခြင်းဖြစ်ပါသည်။ ကျန်ရှိသည့် ပုစွန်မွေးကန် ၂၀ ရာခိုင်နှုန်းမှာ Extensive Plus စနစ်နှင့် Semi-Intensive စနစ်ဖြင့် မွေးမြူကြခြင်းဖြစ်ပါသည်။ သမရိုးကျမွေးမြူရေးစနစ်ဖြင့် မွေးမြူထုတ်လုပ်နိုင်မှုမှာ တစ်ဧကလျှင် ပျမ်းမျှပိဿာချိန် ၅၀ သာထုတ်လုပ်နိုင်ကြပြီးတော့ Extensive Plus စနစ်တွင် တစ်ဧကတွင် ပုစွန်ပျမ်းမျှပိဿာချိန် ၃၀၀ ခန့်ထုတ်လုပ်နိုင်ပါသည်။ Semi-Intensive စနစ်ဖြင့် မွေးမြူရာ၌ တစ်ဧကလျှင်ပိဿာချိန် ၇၂၀ ခန့် ထုတ်လုပ်နိုင်ကြပါသည်။ ငါး/ပုစွန်မွေးမြူတောင်သူများ၏ ဦးရေစာရင်းနှင့် မွေးမြူဧကစာရင်းမှာ ငါးလုပ်ငန်းဦးစီးဌာန၌ ငါးမွေးမြူခြင်းဆောင်ရွက်ရန် မွေးမြူခွင့်လိုင်စင်(ယာယီ)ကို ငါးမွေးမြူခြင်းဥပဒေအရ မွေးမြူဧရိယာ ၀.၀၂၅ ဧကထက် ကျော်လွန်ပါက လိုင်စင်ရယူဆောင်ရွက်ကြရသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုင်စင်ရယူ ဆောင်ရွက်ကြသော စာရင်းကိန်းဂဏန်းများအား ပြုစုထားခြင်းဖြစ်ပါသည်။ လက်တွေ့မြေပြင်မှာ ငါးမွေးမြူရေးကန်လိုင်စင်ရယူကြသော်လည်း မွေးမြူရေးငါးများထည့်သွင်းမွေးမြူကြသည့် ကန်များ ရှိသကဲ့သို့ သဘာဝငါးရိုင်းများအား ထည့်သွင်းမွေးမြူကြခြင်းလည်း ရှိပါသည်။

ငါးမွေးမြူရေးတောင်သူနှင့် ငါးမွေးကန်ဧရိယာစာရင်း အမှန်ရရှိရေး၊ ငါး/ပုစွန်မွေးမြူရေး လုပ်ငန်းမှ ထုတ်လုပ်မှုအမှန်ရရှိရေးအား ဆောင်ရွက်နိုင်ရန် Fisheries Census ကဲ့သို့ ကွင်းဆင်းစစ်တမ်းကောက်ယူရန် လိုအပ်မည်ဖြစ်ပါသည်။ ယခုအခါ Fisheries Statistic ကိန်းဂဏန်း အချက်အလက်များ မှန်ကန်စွာပြုစုနိုင်ရေးအတွက် ငါးမွေးမြူရေးကဏ္ဍအပါအဝင် ငါးကဏ္ဍတစ်ခုလုံး ဖြစ်သော ရေချိုရေငန်ငါးဖမ်းဆီးထုတ်လုပ်မှုကဏ္ဍတို့၏ ကိန်းဂဏန်းအချက်အလက်များရရှိနိုင်ရန် FAO မှဦးဆောင်ပြီးတော့ နည်းပညာပံ့ပိုးမှုဖြင့် Design and Implement Sample Survey for Aquaculture ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်သွားရန်လည်းကောင်း၊ Design and Implement Sample Survey for Marine Fisheries small scale ကို ၂၀၁၇ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်သွားရန်လည်းကောင်း၊ Design and Implement Sample Survey

for Inland Fisheries ကို ၂၀၁၈ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့၌ ဆောင်ရွက်သွားမည့်အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၃၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၈။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၁း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]